ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ရက်၊ ကြာသပတေးနေ့ (10-4-2008) (၅၆၄၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အစည်းအဝေး (၆/၂၀၀၈) ကျင်းပ

နေပြည်တော်   ဧပြီ   ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အစည်းအဝေး (၆/၂၀၀၈)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရုံးအမှတ်(၂၂)ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❑

သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အစည်းအဝေး (၆/၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ် မေလ (၁၀)ရက်နေ့တွင် ကျင်းပမည်

နေပြည်တော်   ဧပြီ   ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ်(၄/၂၀၀၈)ကို ၂၀၀၈ ခုနှစ် ဧပြီ ၉ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်

ကြေညာချက်အမှတ် (၄/၂၀၀၈)

၁၃၆၉ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၀၈ ခုနှစ်၊ ဧပြီလ ၉ ရက်)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့်နေ့ရက် ကြေညာခြင်း

၁။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ အခန်း ၂၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (က)အရ ၂၀၀၈ခုနှစ် ဧပြီလ (၉)ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အစည်းအဝေး (၆/၂၀၀၈)က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ်၊ မေလ (၁၀)ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်လိုက်ပါသည်။

၂။ ယင်းဆုံးဖြတ်ချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်သူများက အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ်၊ မေလ (၁၀)ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အောင်တိုး

ဥက္ကဋ္ဌ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၀-၅-၂၀၀၈
(ကြာသပတေးနေ့)

ပန်းပိတောက်ပွင့်ဖူး လတန်ခူး၏ မြန်မာ့နှစ်သစ်ကူး သင်္ကြန်ကိုကြိုဆို

တန်ခူးလသည် မြန်မာ့နှစ်ဦး နှစ်သစ်အစ ပထမလဖြစ်သည်။ **လတန်ခူးပေမို့ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ခိုင်ရွှေဝါ** ဆိုရမည်ကဲ့သို့ပင် ရက်ပိုင်းအတွင်းက ရွာသွန်းခဲ့သော သင်္ကြန်မိုးပြေးနှင့်အတူ ပန်းပိတောက်တို့ ပင်လုံးညွတ်မျှ ဖူးပွင့်ဝေဆာ အလှဖြာနေသည်။

တန်ခူးလေနှင့်အတူ ပါလာသည့် ကံ့ကော်ပန်း၊ ပိတောက်ပန်းနှင့် ရင်ခတ်ပန်းတို့၏ သင်းရနံ့များ ဝန်းကျင်အနှံ့ မွှေးပျံ့သင်းထုံလျက်ရှိသည်။

တော၏အလှ၊ တောင်၏အလှ၊ ရာသီပန်းတို့၏အလှများပေါင်းဆုံလွှမ်းခြုံနေသည့် တန်ခူးလတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။ မြန်မာနိုင်ငံတွင် တစ်ဆယ့်နှစ်လရာသီ ပွဲတော်များရှိသည့်အနက် တန်ခူးလ နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ရက်အရှည်ကြာဆုံး၊ အစည်ကားဆုံးနှင့် ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးဖြစ်သည်။

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းမှုသည် လူမျိုးတိုင်း၏ သင်္ကေတတစ်မျိုးဖြစ်သည်။ မြန်မာတို့က ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲကို အတာသင်္ကြန်ပွဲတော် ကျင်းပ၍ ဆင်နွှဲကြသည်။ သင်္ကြန်ကို နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလ၊ ရေပက်ဖျန်းသည့် နှစ်သစ်ကူးပွဲတော်ဟု ဖွင့်ဆိုရေးသားကြသည်။

နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်တွင် တစ်ဦးကိုတစ်ဦး ရေသွန်းလောင်း ဖျန်းပက်ကစားကြသည်။ ရေသွန်းလောင်းကစားခြင်းသည် အပူရှိန်မှ သက်သာစေသည်သာမက ပျော်ရွှင်ဝမ်းမြောက် ကြည်နူးချမ်းမြေ့ခြင်း အနှစ်သာရများလည်း ရရှိစေပေသည်။

ရေသည် အညစ်အကြေးဟူသမျှကို သန့်ရှင်းစင်ကြယ်စေသည်ဖြစ်ရာ သင်္ကြန်ရေဖြင့် ပက်ဖျန်းကစားကြသူတိုင်း နှစ်ဟောင်းမှ ဘေးဥပဒ်အန္တရာယ်များ ကင်းရှင်းကြပါစေ၊ ကိုယ်စိတ်နှစ်ပါး သန့်ရှင်းစင်ကြယ်ပါစေကြောင်း ရည်ရွယ်သွန်းလောင်းခြင်းဖြစ်သည်။ ထို့အပြင် ရေသည် ခွဲခြား၍မရ၊ တစ်သားတည်း၊ တစ်ပြင်တည်းရှိနေသကဲ့သို့ ပြည်သူအများ မဟာသင်္ကြန်တွင် ရေကစားကြရာ၌ တစ်ဦးနှင့်တစ်ဦး စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ မေတ္တာစိတ်ပြည့်ဝခြင်း အနှစ်သာရများ လွှမ်းခြုံနေကြမည်ဖြစ်သည်။

မြန်မာ့ရိုးရာအတာသင်္ကြန်၏ ယဉ်ကျေးသိမ်မွေ့သော ဓလေ့စရိုက်အစဉ်အလာများကို အစဉ်အဆက် ထိန်းသိမ်းဆင်နွှဲလာခဲ့ကြသည်။ သင်္ကြန်အကြိုနေ့မှသည် သင်္ကြန်အတက်နေ့အထိ သင်္ကြန်ကာလအတွင်း ပြည်သူအားလုံး ပျော်ရွှင်စွာ ရေပက်ကစားကြမည်ဖြစ်သည်။ ပြည်သူတစ်ရပ်လုံး ကြည်လင်အေးမြသော သင်္ကြန်ရေနှင့်အတူ သန့်စင်ကြည်လင် အေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ပန်းပိတောက်ပွင့်ဖူး လတန်ခူး၏ မြန်မာ့နှစ်သစ်ကူး သင်္ကြန်ကို ကြေးမုံက ကြိုဆိုလိုက်ပါသည်။ ။

ဦးချွန်းဖေ-ဒေါ်သန်းမှီအား ရည်စူး၍ ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်နေ သားသမီးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ၂၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နယ်စပ်/စည်ပင်ဝန်ကြီးဌာန စုပေါင်းရဟန်းခံရှင်ပြု ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ နဝမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ပျဉ်းမနား မာရ်အောင်ကျောင်းတိုက်၌ ကျင်းပသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ နဝမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းမိသားစုများ၊ ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ သံဃာတော်များအား ဝန်ကြီးဌာနမိသားစုများက သိမ်ဆင်းလောင်းလှူကြသည်။ ယင်းနောက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့က ဦးစီးလျက် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာဓုအနုမောဒနာတရားတော်များကို နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ နဝမအကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာတွင် ရဟန်း ၅၈ ပါးနှင့် ရှင်သာမဏေ ၁၁ ပါးတို့ သာသနာ့ဘောင်သို့ဝင်ရောက်ကြကြောင်းသတင်း ရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် (၈) လမ်းနေ ဦးအေးသိန်း-ဒေါ်ရည်ရည်မြင့်နှင့် သား အာကာမိုးဦး၊ ဗိုဗန်နိုးဦး မိသားစုတို့က ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၄၂ ရပ်ကွက်ရှိ ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်အတွင်း၌လှူဒါန်းပြီး ငွေကျပ် သိန်း ၁၇၀ ကုန်ကျသည့် အခမဲ့ဇီဝိတဒါန ဆေးခန်းနှင့် အခမဲ့ ဥဒကဒါနရေအလှူတော် ဖွင့်ပွဲကို မတ် ၂၇ ရက်တွင် ကျင်းပရာ အလှူရှင် ဦးအေးသိန်းနှင့် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ဆရာတော် ဘဒ္ဒန္တသံဝရာဘိဝံသက ဖွင့်လှစ်ပေးစဉ်။ (က-ပ)

လသာမြို့နယ်တွင် နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

လသာမြို့နယ် အမှတ်(၈)ရပ်ကွက် အလင်းရောင်စာကြည့်တိုက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓါတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ရက်က ကျင်းပခဲ့သည်။ စာကြည့်တိုက်ဖွင့်ပွဲကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဦးတင်အောင်မိုးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်မူမူတင်တို့က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးအကြောင်းဟောပြောပြီး ဦးတင်အောင်မိုးက ကျေးဇူးတင်စကား ပြောကြားသည်။ အခမ်းအနားသို့ ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် စာဖတ်ပရိသတ်များ တက်ရောက်ခဲ့သည်။

(မြို့နယ်/ပြန်ဆက်)

ဖြူးမြို့မိုးကုတ်သင်္ကြန် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၉

ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့ ၂၁ လမ်း ဘူတာတောင်ရပ်ကွက် ဖြူးမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ် ၁၂၇ ၏ (၉၇)ကြိမ်မြောက် အဖြစ်ကျင်းပမည့် သင်္ကြန်အထူးခုနစ်ရက် တရားစခန်းပွဲကြီးကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် မအူချောင်းမိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တသီလာစာရ(ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များကိုဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားအားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

ညောင်လေးပင်မြို့ အလကကျောင်းအုပ် (ဆရာကြီး ဦးအုန်းကျော်) အား ရည်စူး၍ ရန်ကုန်မြို့နေ ဒေါက်တာ ဦးမောင်မောင်ကြည်နှင့် ကျောင်းသားဟောင်းများက တတိယအကြိမ် ဆေးနှင့် ဆေးပစ္စည်းများကို ညောင်လေးပင်မြို့နယ် ပြည်သူဆေးရုံသို့ ဧပြီ ၇ ရက်က လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထွန်း လက်ခံယူစဉ်။ (က-ပ)

နွမ်းနယ်သမျှ အပန်းဖြေပါ ချောင်းသာ၊ ငွေဆောင်ကမ်းခြေမှာ

ကွင်းဆင်းရေးသားရိုက်ကူးသူ-ဌေးအောင်(ကြေးမုံ)နှင့်တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကျောင်းများလည်းနွေရာသီ ရက်ရှည်ပိတ်လျက်ရှိသည်။ ထို့အပြင် နိုင်ငံ့ဝန်ထမ်းများ အတွက်လည်း တစ်နှစ်တာ ပင်ပန်းနွမ်းနယ်သမျှ စိတ်လက်အပန်းဖြေနိုင်ရန် မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက် ပိတ်တော့မည်ဖြစ်သည်။ တရားစခန်းဝင်မည့်သူ၊ မိဘဆွေမျိုးရပ်ထံ ပြန်မည့်သူ၊ မိသားစုအလိုက် ရပ်ဝေးခရီးထွက်၍ စိတ်လက်အပန်းဖြေမည့်သူများ၊ မိမိအစီအစဉ်နှင့်မိမိ ရှိနေကြပေပြီ။ ထို့ကြောင့် မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် အပန်းဖြေလိုသူများအတွက် ကြေးမုံသတင်းအဖွဲ့က ချောင်းသာနှင့် ငွေဆောင် အပန်းဖြေစခန်းများနှင့်စပ်လျဉ်း၍ သတင်းရယူရေးသား တင်ပြလိုက်ပါသည်။

ချောင်းသာ အပန်းဖြေစခန်းတွင် Max, Lai Lai, New Chaung Tha Lodge, စည်းစိမ်၊ ခိုင်ချောင်းသာ၊ Golden Beach, သီရိ၊ Grand, Belle, Diamond, AMBO, ရွှေဟသ်ာ၊ ချောင်းသာဦး စသည့် ဟိုတယ် ၁၃ လုံးနှင့် တည်းခိုခန်း ၃၄ လုံးရှိသည်။ ယမန်နှစ်က ပြည်တွင်းမှ ၁၃၅၁၂၈ ဦးနှင့် နိုင်ငံခြားသား ဧည့်သည် ၆၃၃၁ဦးတို့ လာရောက် အပန်းဖြေ အနားယူခဲ့ကြကြောင်း သိရသည်။

တည်းခိုခန်းများမှာလည်း သန့်ရှင်းသပ်ရပ်မှုကို ဦးစားပေး ဆောင်ရွက်ထားကြပြီး ဈေးနှုန်းမှာလည်း သင့်ပါသည်။ အကယ်၍ သင်္ကြန်ရက်အတွင်း လာရောက်အပန်းဖြေသူများအဖို့ တည်းခိုခန်းမလောက်ပါက ရွာထဲတွင်လည်း တည်းခိုနိုင်ကြောင်း စုံစမ်းသိရှိခဲ့ရသည်။

သင်္ကြန်ရက်ကို ရှောင်၍ စနေ၊ တနင်္ဂနွေရက်များကို ကြိုတင်လာရောက်ကြသူ အများအပြားရှိရာ ဟိုတယ်နှင့် တည်းခိုခန်းအားလုံး နီးပါး လူပြည့်လျက်ရှိနေသည်။ "ခိုင်ချောင်းသာ" ဟိုတယ်မှ မန်နေဂျာ၏ ပြောကြားချက်အရ ယခုလိုပိတ်ရက်တွေမှာ ဧည့်သည်ကားအစီးနှစ်ဆယ်ကျော် ဝင်တတ်ကြောင်း၊ ပုံမှန်အားဖြင့် ရန်ကုန်၊ လှိုင်သာယာ ဒဂုံဈေး အဝေးပြေး ကားဂိတ်မှနံနက် ၆ နာရီထွက် ကားသုံးစီးရှိကြောင်းနှင့် အပြန်ခရီးအတွက်လည်း ကားများ ပုံမှန်ရှိနေပြီး ဟိုတယ်တွင်တည်းသော ခရီးသည်များအတွက် ကားဂိတ်နှင့် ဆက်သွယ်၍ ပြန်လိုသောရက်ကို ကားလက်မှတ်ဖြတ်ပေးသည်အထိ ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

ကမ်းခြေမှာ တစ်မိုင်ခွဲခန့်ရှည်သည့်အတွက် ရေစပ်တစ်လျှောက် မိသားစုအလိုက် ရေကစား ရေချိုးနေသူများ၊ အပန်းဖြေ ပင်လယ်လေကိုရှူ၍ လမ်းလျှောက်နေသူများ၊ စက်ဘီးစီးသူ၊ မြင်းစီးသူ၊ စွန်လွှတ်သူများဖြင့် ပျားပန်းခပ်မျှ စည်ကားနေသည်။ဖောကွင်းတစ်ခု ကျပ် ၅၀၀၊ လှေဘုတ်တစ်စီး တစ်နာရီ အကြီးကျပ် ၅၀၀၀၊ အသေး ကျပ် ၃၀၀၀၊စက်ဘီးတစ်စီး တစ်နာရီ ကျပ်၅၀၀၊မြင်းတစ်ကောင် သဲသောင်ပြင်တစ်ပတ်စီး ကျပ် ၁၀၀၀ ဖြင့်ငှားသူများလည်း လက်မလည်အောင် ရှိနေသည်။

ချောင်းသာကမ်းခြေ၏ အလှသည် နေဝင်ဆည်းဆာပင်ဖြစ်သည်။ နေရောင်လှပ်လှပ် သဲစပ်စပ်သို့ လှိုင်းများ တဖျပ်ဖျပ်ရိုက်ခတ်လာသည့် အချိန်တွင် ဘင်္ဂလားပင်လယ်အော်၏ သန့်ရှင်းလတ်ဆတ်သော လေနုအေးကို တဝကြီး ရှူရှိုက်လိုက်ရသည်မှာ မြို့ပြအရပ်၌ မည်သို့မျှပင် မရနိုင်သော အရသာပင်ဖြစ်သည်။ ပင်ပန်းနွမ်းနယ်ခဲ့သမျှတို့ကို လူသစ်၊ ခွန်အားသစ်တို့ဖြင့်လည်း လန်းဆန်းတက်ကြွနေစေရန် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ချောင်းသာ အပန်းဖြေစခန်းက ကမ်းလင့်ကြိုဆိုနေပါသည်။

ချောင်းသာကမ်းခြေနှင့် ဟိုတယ်များ၏ အလှအပရှုခင်းသည် လာရောက်ကြသည့် အပန်းဖြေသူများအဖို့ စိတ်ကိုကြည်လင်လန်းဆန်းစေလျက် ရှိသည်။

ငွေဆောင်ကမ်းခြေ

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းသည် ဆိတ်ငြိမ်ပြီး ကျယ်ပြန့်သန့်ရှင်း၍ သဘာဝအတိုင်း သာယာလှပနေသော အပန်းဖြေစခန်းတစ်ခုဖြစ်သည်။ပုသိမ်မြို့မှသွားပါက မိုင် ၃၀နှင့် ၃ဖာလုံသာ ကွာဝေးပြီး ကတ္တရာခင်းညီညာသော လမ်းချောဖြစ်သည်။

ချောင်းသာကမ်းခြေမှ စက်လှေဖြင့်လည်း ကူးနိုင်သည်။ ကမ်းခြေလမ်းအတိုင်း ဆိုင်ကယ်ဖြင့်လည်း သွားနိုင်သည်။ ကမ်းခြေလမ်းမှ သွားပါက ၁၁မိုင်သာသာရှိပြီး ကူးတို့လှေဖြင့် ချောင်းသာ ကံကြီးကူးတို့ဆိပ်၊ ရေသိုး ကူးတို့ဆိပ်၊ သဇင်ကူးတို့ဆိပ်တို့မှ ချောင်းကျယ်လက်တက်များကို ကူးတို့လှေဖြင့် ကူးရ၍ အချိန်အားဖြင့်လည်း တစ်နာရီခွဲသာ ကြာမြင့်သည့်အတွက် အချိန်ကုန်လည်း သက်သာလှသည်။

ငွေဆောင်အပန်းဖြေစခန်းကို ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ငွေဆောင်ကျေးရွာကို ၂၀၀၄ခုနှစ် ဧပြီ ၁ရက်တွင် မြို့အဖြစ် သတ်မှတ်ပေးခဲ့သည့်အတွက် လမ်းနှင့် အဆောက်အအုံတို့မှာ မြို့ကွက်ကျလှပြီး သန့်ရှင်းကြောင်းတွေ့မြင်ခဲ့ရသည်။

ငွေဆောင် အပန်းဖြေစခန်းတွင် ဟိုတယ်တစ်ခု၏ အကျယ်အဝန်းမှာ ၁၀ဧကရှိသည်။ တည်ဆောက်ထားသော ဟိုတယ်အလုံးပေါင်း ၂၂ လုံးတွင် အဆောက်အအုံပေါင်း ၂၂၅ လုံးနှင့် အခန်းပေါင်း ၈၄၄ ခန်းရှိသည့်အတွက် ဧည့်သည်ပေါင်း ၂၈၁၆ ဦး တစ်ပြိုင်တည်း တည်းခိုနိုင်သည့်အပြင် အလတ်စား တည်းခိုခန်း လေးလုံးလည်း ဆင့်ပွားရှိနေသည်။

ငွေဆောင်ကမ်းခြေတွင် ဆွစ်ဇာလန်နိုင်ငံမှ လာရောက်အပန်းဖြေ အနားယူသူ ဇနီးမောင်နှံအား ကြေးမုံသတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်းစဉ်။

အပန်းဖြေစခန်းများသို့ ဝင်ရောက်လေ့လာခွင့်ရခဲ့ရာ ဟိုတယ်တိုင်း အဆင့်မြင့်၍ သန့်ရှင်းမှု၊ သပ်ရပ်မှု၊ ဖော်ရွေမှုကို ဦးစားပေး ဆောင်ရွက်ထားကြပြီး ပုံသဏ္ဍာန်အားဖြင့်လည်း လှပမှုကို ဒေသပတ်ဝန်းကျင်နှင့် လိုက်ဖက်စွာ တည်ဆောက်ထားကြသည့်အတွက် လာရောက်သူ အပေါင်းအား အမြင်ဆန်းစေသော ဆွဲဆောင်မှုတစ်ရပ်ဖြစ်သည်။

ဟိုတယ်များမှာ ကမ်းစပ်နှင့် အတန်အသင့် အလှမ်းကွာဝေးသော နေရာတွင် တည်ဆောက်ထားသည့်အတွက် ကမ်းစပ်တွင် အပန်းဖြေသူတို့အဖို့ လွတ်လပ်မှုအရသာကို ခံစားနိုင်စေပြီး ကမ်းစပ်တစ်လျှောက် အမှိုက်တစ်စမျှ မရှိခြင်းမှာလည်း အစဉ်ထာဝရ ထိန်းသိမ်းထားရမည့် အစဉ်အလာကောင်းဖြစ်သည်။ကမ်းခြေရှိ ရွှေရောင်တဝင်းဝင်းနှင့် ကျောက်မောင်နှမ စေတီနှစ်ဆူမှာလည်း သပ္ပာယ်လှပေရာ ဖူးမြင်ရသူတို့အဖို့ ရင်တွင်းကြည်နူးမှုတစ်ရပ်ကို ပေးစွမ်းနိုင်ပေသည်။

ငွေဆောင်ကမ်းခြေတွင် လာရောက် တည်းခိုသူ မိသားစုတို့သည် ကမ်းစပ်သဲသောင်ပြင်တွင် ပျော်ရွှင်စွာ အပန်းဖြေအနားယူလျက်ရှိသည်ကို တွေ့ရစဉ်။

ဟိုတယ်တိုင်းလိုပင် သင်္ကြန်ရက်များ၌ စတုဒိသာကျွေးကြမည့်အပြင် ရိုးရာအလိုက် သင်္ကြန်ရေကစားပွဲများလည်း ကျင်းပပေးမည်ဖြစ်ကြောင်း ဟိုတယ်မန်နေဂျာတစ်ဦးထံမှ သိခဲ့ရသည်။

သဲသောင်ပြင်၌ တံငါရွာသို့ သွားရောက်မည့် The Palm Beach Resort တွင် တည်းခိုကြသော ဆွစ်ဇာလန်နိုင်ငံသား Mr. Hermann Goessele နှင့် Mrs.Jeanine Mart ဇနီးမောင်နှံနှင့် တွေ့ရှိမိတ်ဖွဲ့စကားပြောခဲ့ရာ သူတို့နှစ်ဦး ငွေဆောင်ကို ရောက်သည်မှာ ယခုအခေါက်ပါဆိုလျှင် လေးကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ နိုဝင်ဘာလတွင်လည်း တစ်ခေါက် ထပ်မံလာဦးမည်ဖြစ်ကြောင်း သိခဲ့ရသည်။

"ငွေဆောင်ကမ်းခြေကို သဘာဝအတိုင်း မပျက်စီးအောင် စောင့်ရှောက်ထားနိုင်တဲ့အတွက် အလွန်ကောင်းလှပါကြောင်း၊ ဒီကိုခဏခဏလာဖူး၍ ရွာထဲကပင် သိနေကြကြောင်း၊ မြန်မာပြည်က ကလေးတွေဟာ ပွင့်လင်းရိုးသားကြပြီး လိမ္မာတဲ့အတွက် အရမ်းချစ်ဖို့ကောင်းကြောင်း၊ သူတို့ဇနီးမောင်နှံကို ရွာထဲကပင် သိနေကြပြီး အကူအညီပေးကြသည့်အတွက် ကျေးဇူးတင်ကြောင်း" ရင်တွင်းမှ အရင်းခံအတိုင်း ပြောပြခဲ့ကြသည်။

"လမ်းခရီးဟာ လေးနာရီကြာပေမယ့် လမ်းတွေ ကောင်းကြောင်း၊ ၂၀၀၇ခုနှစ် နိုဝင်ဘာလက လာတုန်းကထက် အခုအခေါက် လမ်းများပိုကောင်းလာကြောင်း" ပြောကြားပြီး မြန်မာပြည်မှ ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်ဝန်ဆောင်မှုများက အခြားရောက်ခဲ့ဖူးသော နိုင်ငံများနှင့်မတူ။ ဧည့်သည်ကို ဖော်ဖော်ရွေရွေနှင့် ဂရုတစိုက်ရှိကြောင်း သူတို့အမြင်ကို ပွင့်ပွင့်လင်းလင်း ပြောသွားခဲ့သည်မှာ မြန်မာတို့အဖို့ ဂုဏ်ယူစရာတစ်ရပ်ပင် ဖြစ်ပေသည်။

ငွေဆောင် အပန်းဖြေစခန်းသည် ကျယ်ဝန်းမှု၊ သန့်ရှင်းမှု၊ ဝန်ဆောင်မှုကောင်းမွန်မှုတို့ကြောင့် များမကြာမီသောနှစ်များတွင် အခြားသော အိမ်နီးချင်း အပန်းဖြေစခန်းများထက် သာလွန်နိုင်မည့် အလားအလာများ ရှိနေပေသည်။နွေရာသီကျောင်းပိတ်ရက်၊ သင်္ကြန်ရုံးပိတ်ရက် လုပ်ငန်းများ နားနေခိုက် တစ်ခါတစ်ခေါက် သွားရောက်အနားယူ အပန်းဖြေသင့်သောနေရာကောင်းတစ်ခုဖြစ်ကြောင်း သတင်းစကား လက်ဆောင်ပါးလိုက်ရပါသည်။ ။

ချောင်းသာကမ်းခြေတစ်လျှောက် အပန်းဖြေ အနားယူကြသူများပြားလျက် ရှိနေသည်။

အစ္စရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နေ ပါလက်စတိုင်းသမ္မတ ပြောကြား

ရာမာလာ ဧပြီ ၈

အစ္စရေးနှင့် အမြဲတမ်းကြုံတွေ့နေရသည့် ပြဿနာအပေါ် အရေးပါသော ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို ပါလက်စတိုင်းတို့က ကျင်းပလျက်ရှိကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

မိမိတို့က အစ္စရေးတို့နှင့် အရေးပါသည့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေပြီး အစ္စရေးနှင့်ကြုံတွေ့နေရသည့် အမြဲတမ်းပြဿနာအတွက် ဖြေရှင်းချက် ရရှိစေရန် စိတ်အားထက်သန်လျက်ရှိသည်ဟု အဘတ်စ်က ဖာတာလုပ်ရှားမှု ခေါင်းဆောင်များသို့ ရာမာလာမြို့ ဌာနချုပ် တွင် ပြောကြားသည်။

အစ္စရေး၏ ပိတ်ဆို့မှုအစီအစဉ်နှင့် အနောက်ဘက်ကမ်းခြေတွင် အိုးအိမ်အသစ် ခဲ့ထွင်ဆောက်လုပ်နေမှုနှင့် ဆက်နွှယ်သည့် ပြဿနာများကို ကိုင်တွယ်ရှင်းလင်းရန်အတွက်အဘတ်စ်က အစ္စရေးဝန်ကြီးချုပ်ကီဟွတ်အိုလ်မတ်နှင့် တနလ်ာနေ့တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

အစ္စရေးက ဂါဇာကမ်းမြောင်သို့ မတ်လစောစောပိုင်းက စစ်ရေးအရဝင်ရောက် တိုက်ခိုက်ခဲ့ပြီးနောက် ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့နှင့်အစ္စရေးတို့အကြား ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများ လုံးဝရပ်ဆိုင်းသွားခဲ့ရသည်။ ငြိမ်းချမ်းရေးသဘောတူညီချက်ကို ယခုနှစ်ကုန်တွင် ရရှိခဲ့ပါက ယင်းသဘောတူညီချက်ကို ပါလက်စတိုင်းပြည်သူလူထုရှေ့မှောက် ချပြပြီး ဆန္ဒခံယူပွဲ ပြုလုပ်မည်ဟု အဘတ်စ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ မြောက်ပိုင်းတွင် အဓိကရုဏ်း ဖြစ်ပွားနေသဖြင့် ရှောင်တိမ်းနေရသောလူငယ်နှစ်ဦးကို ဧပြီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီအနောက်မြောက်ပိုင်း၌ ဘိန်းဖြူ ကီလို ၄၀၀ ဖမ်းမိ

အန်ကာရာ ဧပြီ ၈

တူရကီ လုံခြုံရေးတပ်ဖွဲ့များက အနောက်မြောက်ပိုင်း ပြည်နယ်များဖြစ်သည့် ဆာကာရာ၊ ဘာဆာနှင့် အီဒါနီတို့တွင် စစ်ဆင်ရေးများ ပြုလုပ်ရာ ဘိန်းဖြူ ကီလို ၄၀၀ ဖမ်းဆီးရမိကြောင်း အနာတိုလီယာသတင်းဌာနက ဧပြီ ၆ ရက်သတင်း၌ဖော်ပြသည်။

မူးယစ်ဆေးဝါးများ ပြည်ပသို့ ပို့ဆောင်မည်ဟုသတင်းရရှိသဖြင့်အီဒါနီပြည်နယ်ရှိ ကာပီကူလီ နယ်စပ်ဂိတ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကစစ်ဆင်ရေးစတင်ခဲ့ကြောင်း၊ တပ်ဖွဲ့များက ဓာတ်မှန်နှင့် မူးယစ်ရှာဖွေရေးခွေးများဖြင့်ရှာဖွေရာ ကုန်တင်ယာဉ်တစ်စီးပေါ်မှ သံလွင်ဆီများအတွင်း ဖုံးအုပ်သယ်ယူလာသော ဘိန်းဖြူ ကီလို ၄၀၀ ကို ဖမ်းဆီးရမိသည်။ တူရကီနိုင်ငံသည် အာရှ နှင့် အရှေ့အလယ်ပိုင်းဒေသများမှ အနောက်ဥရောပနိုင်ငံသို့ မူးယစ်ဆေးဝါးသယ်ဆောင်ရာ အဓိက ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အနာဂတ်စွမ်းအင်ပြဿနာဖြေရှင်းရေးအတွက် အဏုမြူစွမ်းအင်ကို အသုံးပြုရန် နယူးဇီလန်ပြည်သူများ လိုလား

ဝယ်လ်လင်တန် ဧပြီ ၈

နယူးဇီလန်နိုင်ငံ အာဏာပိုင်များက နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်နှင့် ပတ်သက်၍အဏုမြူစွမ်းအင် အသုံးပြုရေးကိစ္စကို ပစ်ပယ်ခဲ့ကြသည်။ သို့သော် နယူးဇီလန်နိုင်ငံသား ငါးဦးလျှင် တစ်ဦးသည် နိုင်ငံ၏ အနာဂတ်စွမ်းအင်ပြဿနာကို ဖြေရှင်းရာ၌ အဏုမြူစွမ်းအင်ကို အသုံးပြုရန် နည်းလမ်းသည် ဖြစ်နိုင်ခြေရှိသော နည်းလမ်းဖြစ်ကြောင်း ရှုမြင်ကြသည်ဟု ဧပြီ ၇ ရက်တွင် ထွက်ပေါ်လာသော လေ့လာချက်က ဖော်ပြသည်။

နယူးဇီလန်စီးပွားရေးကောင်စီက အင်တာနက်မှတစ်ဆင့် လူပေါင်း ၃၅၄၆ဦးကို မေးမြန်းလေ့လာရာ အထက်ပါအဖြေကို ရရှိခြင်းဖြစ်သည်။

ပြည်သူများအနေဖြင့် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့ထုတ်လွှတ်သော လျှပ်စစ်ဓာတ်အားပေးစက်များကြောင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာရသည့် အခြေအနေကို မလိုလားကြဟု ယူဆရသည်။ ထိုအခြေအနေကြောင့် နိုင်ငံသားများသည် အဏုမြူစွမ်းအင်ကို အသုံးပြုရန် ဆန္ဒရှိလာကြခြင်းဖြစ်ဟန်ရှိသည်ဟု စီးပွားရေးကောင်စီဥက္ကဋ္ဌ ပီတာနယ်လ်ဆင်က ပြောကြားသည်။

ဆောင်ရွက်

အဆိုပါ စီးပွားရေးကောင်စီသည် နိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို ကြံဆ ဆွေးနွေးနေသော အုပ်စုဖြစ်ပြီး အဖွဲ့ဝင်အဖြစ် ကုမ္ပဏီပေါင်း ၇၁ခု ပါဝင်သော အသင်းအဖွဲ့ဖြစ်သည်။ ယင်းကောင်စီသည် ဖေဖော်ဝါရီနှင့် မတ်လအတွင်း ဖော်ပြပါ လေ့လာမှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါလက်စတိုင်းဒေသ ဂါဇာစီးတီးမြို့တွင် လောင်စာဓာတ်ငွေ့အရောင်းဆိုင် မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားရာနေရာကို ဧပြီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီတလီရဲတပ်ဖွဲ့များ စီးနင်းရှာဖွေ ကာရစ်ဘီယံမာဖီးယားအဖွဲ့ဝင် ၄၂ဦး ဖမ်းမိ

ရောမ ဧပြီ ၈

အီတလီနိုင်ငံ ကာရစ်ဘီယံဒေသတောင်ပိုင်းရှိ အိမ်များကို အီတလီရဲတပ်ဖွဲ့က စစ်ဆင်ရေးလုပ်၍ ဧပြီ ၇ရက်က ဝင်ရောက်စီးနင်းရှာဖွေခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၄င်းစစ်ဆင်ရေးတွင် ရဲတပ်ဖွဲ့ဝင် ၃၀၀ခန့်ပါဝင်ပြီးလူ ၄၂ဦးနှင့် လက်နက်များကို ဖမ်းဆီးရမိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ကာရစ်ဘီယံမာဖီးယားအဖွဲ့ဝင်များကို အဓိကထား စီးနင်းရှာဖွေခဲ့ရာ ဖမ်းဆီး ရမိသူများတွင် လူသတ်မှု၊ ခြိမ်းခြောက်ငွေညှစ်မှုနှင့် မူးယစ်ရောင်းဝယ်မှု ကျူးလွန်သူများ ပါဝင်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘလက်ဝါးတားလုံခြုံရေးကုမ္ပဏီကို ဆက်လက်ငှားရမ်းမှု မလိုလားအပ်သည့် ကိစ္စဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ်က ပြောကြား

ဘဂ္ဂဒက် ဧပြီ ၈

အီရတ်နိုင်ငံရောက် အမေရိကန်သံတမန်များကို အကာအကွယ်ပေးရန်အတွက် ယခင်ကန်ထရိုက်ဟောင်း ဖြစ်သောဘလက်ဝါးတား လုံခြုံရေးလုပ်ငန်းကိုပင် ယခုနှစ်တွင်ပြန်၍စာချုပ် ချုပ်ဆိုပေးသည်မှာ မလိုလားအပ် သည့်ကိစ္စဖြစ်ကြောင်း အီရတ်နိုင်ငံဝန်ကြီးချုပ် နော်ရီအယ်လ်မာလီကီ ဝေဖန်ပြောကြားသည်။

အထက်ပါ လုံခြုံရေးကုမ္ပဏီကိုပင် သံတမန်များ၏ လုံခြုံရေးကို စောင့်ရှောက်ရန် ဆက်လက်ငှားရမ်းကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ ၂၀၀၇ ခုနှစ် စက်တင်ဘာလ၌ အီရတ်တွင် ထိုကုမ္ပဏီဝန်ထမ်းများက ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ ၁၇ဦး သေဆုံးခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘရာဇီးနှင့် ဥရုဂွေးမှ အမဲသား အင်ဒိုနီးရှား ဝယ်ယူတင်သွင်းမည်

ဂျကာတာ ဧပြီ ၈

အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်းအသားဈေးနှုန်းများ မြင့်မားနေချိန်တွင် ပြည်တွင်းဝယ်လိုအား ဖြည့်ဆည်းနိုင်ရန်အတွက် ဘရာဇီးနှင် ဥရုဂွေးမှ အမဲသားဝယ်ယူ တင်သွင်းရန် စီစဉ်နေကြောင်း ဒေသခံသတင်းစာက တနလ်ာနေ့တွင် ရေးသားဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသို့အမဲသားအဓိကတင်ပို့နေသည့် ဩစတြေးလျ၊ နယူးဇီလန်၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့ကဲ့သို့ ဘရာဇီးနှင့် ဥရုဂွေးနိုင်ငံတို့ကလည်း တင်ပို့ရောင်းချမည်ဖြစ်သည်။

ဥရုဂွေးမှ အမဲသားဝယ်ယူတင်သွင်းမှု အစီအစဉ်သည် ဆက်လက်ဆောင်ရွက်ရန် ချောမွေ့နေလင့်ကစား ဘရာဇီးနိုင်ငံတွင် နွားကူးစက်ရောဂါရှိ၊ မရှိ စစ်ဆေးရန်အတွက် အင်ဒိုနီးရှားက ဘရာဇီးသို့ အဖွဲ့တစ်ဖွဲ့စေလွှတ်မည်ဖြစ်သည်ဟု ကွန်ပတ်စ်သတင်းစာ စိုက်ပျိုးရေးဌာနမှ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ပြောကြားချက်ကို ကိုးကား၍ဖော်ပြသည်။

အင်ဒိုနီးရှား၏ ပြည်တွင်းအမဲသားထုတ်လုပ်မှုသည် လွန်ခဲ့သည့်နှစ်အတွင်း တန်ချိန် ၃၄၄၈၀၀ရှိပြီး စားသုံးမှုပမာဏသည် တန်ချိန် ၃၉၆ ၆၀၀အထိရှိသည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်၌ သောင်းကျန်းသူများအားတိုက်ခိုက် အရပ်သား ၂၀ကျော် သေဆုံး

ကဘူး ဧပြီ ၈

အာဖဂန်နှင့်အမေရိကန် ဦးဆောင်သောတပ်ဖွဲ့များက တိုက်ခိုက်မှုကြောင့် သောင်းကျန်းသူအများအပြားသေကျေဒဏ်ရာရရှိကြောင်းအာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၇ ရက်တွင် ပြောကြားသည်။ သို့သော် သေဆုံးသူများသည် သူပုန်များမဟုတ်ကြောင်း အရပ်သား ၂၀ ကျော်သာ ဖြစ်ကြောင်း ပြည်နယ်တာဝန်ရှိသူက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ နယ်စပ်အနီးရှိ နာရစ္စတန်ပြည်နယ် အရှေ့ပိုင်းတွင် ဧပြီ ၆ ရက်က တာလီဘန် စစ်သွေးကြွများကို တိုက်ခိုက်ရာ၌ အရပ်သားများ သေကျေဒဏ်ရာရရှိမှုရှိသည်ဟူသော သတင်းကို မရရှိကြောင်း အမေရိကန်စစ်ဘက်နှင့် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

၄င်းပြည်နယ်အတွင်းရှိ ကျေးရွာများမှ သောင်းကျန်းသူများကို ရှင်းလင်းရန် အာဖဂန်စစ်ဘက်က ဦးဆောင်၍ စစ်ဆင်ရေးပြုလုပ်စဉ် တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟေတီနိုင်ငံ ပို့သ်အောပရင့်မြို့တွင် ဆန္ဒပြသူများက ကားတာယာများအား မီးရှို့ထားသည်ကို ဧပြီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂြေးမုံ The Mirror

နိုင်ငံတကာသတင်းများ

အိန္ဒိယ-အာဖရိက ဖိုရမ်ထိပ်သီးဆွေးနွေးပွဲစတင်ကျင်းပ

နယူးဒေလီ စေပြီ ၉

အိန္ဒိယ-အာဖရိက ဖိုရမ်ထိပ်သီးဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် အင်္ဂါနေ့က ဖွင့်လှစ်ခဲ့ပြီး အာဖရိက ၁၄ နိုင်ငံမှ ခေါင်းဆောင်များက တက်ရောက်ကြသည်။ ၄င်းတို့က ကုန်သွယ်ရေး၊ စွမ်းအင်၊ ကုလသမဂ္ဂပြုပြင်ရေး လုပ်ငန်းစဉ်များကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ပြဿနာများအပေါ် ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်တိုက်ဖျက်ရေးနှင့် ရာသီဥတုပြောင်းလဲမှု စသည့် ကဏ္ဍအရပ်ရပ်ကို ဆွေးနွေးကြမည်ဖြစ်သည်။

အယ်လ်ဂျီးရီးယား၊ ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အီဂျစ်၊ အီသီယိုးပီးယား၊ ဂါနာ၊ လစ်ဗျား၊ ကင်ညာ၊ နိုင်ဂျီးရီးယား၊ ဆီနီဂေါ၊ တောင်အာဖရိက၊ တန်ဇန်းနီးယား၊ ယူဂန္ဒာနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံအကြီးအကဲ ခုနစ်ဦးနှင့် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အိန္ဒိယနှင့် အာဖရိကမှနိုင်ငံခြားရေးဝန်ကြီးများ၏ တံခါးပိတ် အစည်းအဝေးကို တနင်္လာနေ့တွင် ကျင်းပပြီး အဆိုပါ ထိပ်သီးဆွေးနွေးပွဲမှ ဒေလီကြေညာချက်နှင့် အာဖရိက-အိန္ဒိယ ပူးပေါင်းဆောင်ရွက်ရေး မူဘောင်ကြေညာချက်တို့ကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မော်ရိုကို အကျဉ်းထောင်မှ အစွန်းရောက်သမားကိုးဦး ထွက်ပြေးလွတ်မြောက်

ရာဘတ် စေပြီ ၉

လူ ၄၅ ဦး သေဆုံးစေခဲ့သည့် ၂၀၀၃ ခုနှစ် ကာဆာဘလန်ကာ အသေခံဗုံးဖောက်ခွဲမှုနှင့် ဆက်နွယ်သဖြင့် အကျဉ်းကျ ခံနေရသော အစွန်းရောက်သမားကိုးဦးတို့သည် မော်ရိုကိုနိုင်ငံရှိ အကျဉ်းထောင်မှ ဖောက်ထွင်းလွတ်မြောက်ခဲ့ကြောင်း တရားရေးဝန်ကြီးဌာနက ပြောကြားသည်။

အစွန်းရောက်သမား ကိုးဦးတို့သည် ရာဘတ်မြို့ အရှေ့ကီလိုမီတာ ၄၀ အကွာရှိ ကီနီထရာ အကျဉ်းထောင်မှ လွတ်မြောက်ခဲ့သည်ဟု အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

လွတ်မြောက်သွားသည့် အကျဉ်းသားများကို ဖမ်းဆီးမည့် အစီအစဉ်အားလုံးဆောင်ရွက်ပြီးစီးပြီး ၄င်းတို့က မည်သို့ ထောင်ဖောက် လွတ်မြောက်သွားခဲ့သည့်ကိစ္စအပေါ် အာဏာပိုင်များက စုံစမ်းစစ်ဆေးနေသည်ဟု တရားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

၄င်းအကျဉ်းသားများသည် အကျဉ်းထောင်၏ အခန်းကျဉ်းအောက်မှ ဥမင်လိုဏ်ခေါင်းတူးကာ ထွက်ပြေးလွတ်မြောက်ခဲ့ခြင်းဖြစ်သည်ဟု လုံခြုံရေးသတင်းရပ်ကွက်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ထောင်ဖောက်သည့်ကိစ္စသည် တရားမျှတမှု မရှိသည့်ဖြစ်ရပ်၏ အဖြေပင်ဖြစ်သည်ဟု လွတ်မြောက်သွားသည့် အကျဉ်းသားများက စာရေးသားထားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အရေးပေါ်ဆင်းသက်

ဘင်္ဂလားဒေ့ရှ်ပိုင် လေယာဉ်အတွင်း ခရီးသည်နှစ်ဦး စကားများရန်ဖြစ်ပြီးနောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဒွန်မောင်းလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသော လေယာဉ်ကို စေပြီ ၈ရက် က တွေ့ရစဉ်။ *(အင်တာနက်)*

ပါကစ္စတန်တွင်အကြမ်းဖက်သမားရှစ်ဦးကို ရဲတပ်ဖွဲ့ကဖမ်းဆီး

အစ္စလာမ္မာဘတ် စေပြီ ၇

ပါကစ္စတန် အရှေ့ပိုင်းရှိ ပန်ဂျပ် ပြည်နယ်တွင် ရွေးကောက်ပွဲအတွင်းက တိုက်ခိုက်မှုတစ်ခုပြုလုပ်ရန် ပူးပေါင်းကြံစည်ခဲ့ကြသော အကြမ်းဖက်သမားများဟုစွပ်စွဲခံရသူရှစ်ဦးအားပါကစ္စတန် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားက စနေနေ့တွင် ကြေညာသည်။

အဆိုပါအကြမ်းဖက်သမားများသည် ဖေဖော်ဝါရီ ၁၈ရက်တွင် ရွေးကောက်ပွဲအတွင်းမဲဆွယ်ပွဲပြုလုပ်နေသူ သာသနာရေးဝန်ကြီး အီဂျက်အူလက်အား လုပ်ကြံရန်ကြံစည်ခဲ့သည်ဟု ဆိုသည်။ သို့သော် အသေခံဖောက်ခွဲရေးသမားနှစ်ဦးမှာမူ ဖောက်ခွဲမှုမပြုမီ ၄င်းတို့၏ ပေါက်ကွဲစေတတ်သော ပစ္စည်းများ မတော်တဆပေါက်ကွဲခဲ့သဖြင့် သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သော ဖောက်ခွဲရေးပစ္စည်းများမှာ ၄၅ကီလိုရှိကြောင်းနှင့် ဖမ်းဆီးခံရသူများတွင် အဆိုပါအဖွဲ့ခေါင်းဆောင် ဖာရက်ရာဂျန်ပူရီ ဆိုသူ ပါဝင်ကြောင်း သတင်းကဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့အရှေ့ ဘက်ကီလို ၅၀အကွာရှိ ကျေးရွာတစ်ရွာ၌ စေပြီ၈ရက်ကမျက်နှာနှစ်ခု၊ နှာခေါင်းနှစ်ခု၊ပါးစပ်နှစ်စုံ၊မျက်လုံးနှစ်စုံနှင့် မွေးဖွားလာသည့် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။ *(အင်တာနက်)*

အီရန်က အစ္စရေးအား တိုက်ခိုက်ပါက

အစ္စရေးက ပြန်လည်တိုက်ခိုက်ဖျက်ဆီးမည်ဟု အစ္စရေးဝန်ကြီးပြောကြား

ဂျေရုဆလင် စေပြီ ၉

အီရန်က အစ္စရေးအားတိုက်ခိုက်ခဲ့ပါက အီရန်နိုင်ငံကို ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း အစ္စရေး အခြေခံအဆောက်အအုံ ဝန်ကြီး ဘင်ဂျာမင်ဘင် အလီဇာက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ကာကွယ်ရေး ဝန်ကြီးဟောင်းဖြစ်သည့် ဘင်ဂျာမင်ဘင်အလီဇာက အခြေခံအဆောက်အအုံဝန်ကြီးဌာနသို့ လေ့လာရေးသွားရောက်ခဲ့စဉ်တွင် ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အီရန်ကအစ္စရေးအား တိုက်ခိုက်ခဲ့ပါက အစ္စရေးက အီရန်အား အပြင်းအထန် တုံ့ပြန်တိုက်ခိုက်ပြီး ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း၊ အီရန်က မိမိတို့၏ စွမ်းပကားကို အသေအချာ သိရှိထားပြီဖြစ်ကြောင်း စသည်ဖြင့် သည်ဂျေရုဆလင်ပို့စ်သတင်းစာက ဘင်ဂျာမင်ဘင်အလီဇာ၏ ပြောကြားချက်ကိုကိုးကား၍ဖော်ပြသည်။

အီရန်မှတာဝန်ရှိပုဂ္ဂိုလ်များက အစ္စရေးအပေါ်ထပ်ခါတလဲလဲ ဆန့်ကျင်ဝေဖန်လျက်ရှိစဉ် အစ္စရေးကလည်း အီရန်နျူကလီးယား လက်နက်ထုတ်လုပ်မှုအတွက် တားဆီးရန်သန္နိဋ္ဌာန်ချမှတ်ထားရာ ယင်းနှစ်နိုင်ငံ၏ ဆက်ဆံရေးမှာဆက်လက်တင်းမာနေလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ရုရှားနိုင်ငံမှ ဆိုယုဇ်အာကာသယာဉ်ပေါ်တွင် နိုင်ငံတကာအာကာသစခန်းသို့ ပျံသန်းရန် နောက်ဆုံးပြင်ဆင်မှုများပြုလုပ်နေသည့် တောင်ကိုးရီးယားနိုင်ငံ၏ ပထမဆုံးအာကာသယာဉ်မှူးနှင့် ရုရှားအာကာသယာဉ်မှူးနှစ်ဦးကို စေပြီ ၈ ရက်က တွေ့ရစဉ်။ (အင်တာနက်)

တောင်ကိုရီးယား အာကာသယာဉ်မှူးလိုက်ပါသွားသည့် ရုရှားမှ ဆိုယုဇ်အာကာသယာဉ် အောင်မြင်စွာ လွှတ်တင်

ဘိုင်ကိုနူး (ကာဇက်စတန်)

စေပြီ ၉

တောင်ကိုရီးယားနိုင်ငံ၏ ပထမဦးဆုံးသော အာကာသယာဉ်မှူးတစ်ဦး လိုက်ပါသွားသည့် ရုရှားနိုင်ငံမှ ဆိုယုဇ် အာကာသယာဉ်သည် စေပြီ ၈ရက်က ကာဇက်စတန်နိုင်ငံရှိ ဘိုင်ကိုနူး အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ စတင် ပစ်လွှတ်လိုက်ပြီဖြစ်သည်။

ယခုအသုံးပြုသောဒုံးပျံလွှတ်တင်ရေး ပစ်စင် သည်ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံး ဒုံးပျံလွှတ်တင်သည့်ပစ်စင်ဖြစ်သည်။ ထိုပစ်စင်ကို ကမ္ဘာ့ပထမဆုံး ရုရှားအာကာသယာဉ်အား ယူရီဂါဂါရင်သည် ၁၉၆၁ခုနှစ်က အသုံးပြုခဲ့သည်။

အာကာသအတွင်းလိုက်ပါသွားသော တောင်ကိုရီးယား အာကာသယာဉ်မှူးမှာ အသက် ၁၉နှစ် အရွယ်ရှိ နာဒိုနည်းပညာ အင်ဂျင်နီယာအမျိုးသမီးတစ်ဦးဖြစ်သူ ယီဆိုယောင်ဖြစ်သည်။ ၄င်းနှင့်အတူ ရုရှားယာဉ်မှူး ဆာဂျီဗော်ကောဗ်နှင့် အော်လင်ကို ဒိုနင်ကိုတို့သည် အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်) ဆီသို့ ဦးတည်ပျံသန်း လျက်ရှိသည်။

ထိုအစီအစဉ်ဖြစ်မြောက်ရေးအတွက် ရုရှားနှင့် တောင်ကိုရီးယားနိုင်ငံတို့ ပူးပေါင်း၍ ကြိုးပမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ တောင်ကိုရီးယားအာကာသယာဉ်မှူးသည် အခက်အခဲများကို ကြံ့ကြံ့ခံ ကျော်လွှားခဲ့သူ ဖြစ်ကြောင်း တောင်ကိုရီးယား အာကာသ အစီအစဉ် ဒါရိုက်တာ ချိုဂျီဟောက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘောဒီးယား၌ ဆေးခြောက်စိုက်ခင်းများ ဖျက်ဆီး

ဖနွမ်းပင် စေပြီ ၉

ကမ္ဘောဒီးယားနိုင်ငံ၏ မူးယစ်ဆေးဝါး နှိမ်နင်းရေး အမျိုးသားရေးအဖွဲ့ (အင်အေစီဒီ)က နိုင်ငံအတွင်း၌ ဆေးခြောက်စိုက်ခင်းများကို လုံးဝဖျက်ဆီးလိုက်နိုင်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်ဟု ဒေသခံသတင်းဌာနက စေပြီ ၈ရက်၌ ဖော်ပြသည်။

ဆေးခြောက်စိုက်ခင်းများကို အမြစ်ပါမကျန် ဖျက်ဆီးပစ်လိုက်သည်မှာ အောင်မြင်ခဲ့သော်လည်း ကမ္ဘောဒီးယားနိုင်ငံအတွင်း၌ မူးယစ်ဆေးဝါးများကို လျှို့ဝှက်စွာ မှောင်ခိုထုတ်လုပ်မည်ကို စိုးရိမ်နေရကြောင်း အင်အေစီဒီမှ အတွင်းရေးမှူးလုရာမင်၏ ပြောကြားချက်ကိုမဲခေါင်တိုင်းမ် သတင်းစာက ဖော်ပြသွားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ မူးယစ်ဆေးဝါးမှောင်ခိုကူးခြင်းကို လျှော့ချရာ ပထမဆင့်အနေဖြင့် အောင်မြင်သွားသော်လည်း မူးယစ်ဆေးဝါး မှောင်ခိုကူးခြင်း ဆက်လက်လုပ်ကိုင်နေမည်ကို စိုးရိမ်ရကြောင်း ၄င်းကပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခင်က ဆေးခြောက်ထုတ်လုပ်သည့်နိုင်ငံ၊ ဆေးခြောက်အများအပြား တင်ပို့သည့်နိုင်ငံအဖြစ် စွပ်စွဲခံရပြီးနာမည်ပျက်ရသည်ဟု ၄င်းကပြောကြားသည်။ သို့သော် ယခုအခါ မူးယစ်ဆေးဝါး နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အတွက် ဆေးခြောက်များ လုံးဝမတွေ့နိုင်တော့ဟု ဆိုသည်။

၂၀၀၀ပြည့်နှစ်ကတည်းက တရုတ်နိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများ၌ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် မူးယစ်ဆေးဝါးများ ထုတ်လုပ်မှုလျှော့ချနိုင်ရေးကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ခုနှစ်အရောက်တွင် ပပျောက်ရေးလုပ်ငန်းကို အပြီးသတ်ဆောင်ရွက်သွားမည်ဟု ကတိပြုထားကြောင်း ၄င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်၌ ယာဉ်တိုက်မှုဖြစ် ကိုးဦး သေဆုံး

ပေကျင်း စေပြီ ၉

တရုတ်နိုင်ငံ အလယ်ပိုင်း တောင်တက်လမ်းတွင် ဘီလပ်မြေများ တင်ဆောင်လာသည့် ကုန်တင်ကားသည် ပန်းခြံဂိတ်ဝကို ဖြတ်တိုက်ပြီး လူ ၂၀ ကျော်ကိုလည်း ဆင့်ကဲတိုက်မိရာ ရှစ်ဦးသေဆုံးခဲ့သည်ဟု စေပြီ ၈ရက်ထုတ် ဒေသခံသတင်းမီဒီယာတွင် ဖော်ပြသည်။

ဟေနန်ပြည်နယ် နန်ယန်ဒေသတွင် စေပြီ ၅ရက်က ယာဉ်တိုက်မှုဖြစ်ခဲ့ရာ သေဆုံးသူများတွင် ကျောင်းသားအများအပြား ပါဝင်သည်။

ယာဉ်မောင်းသည် ကားဘရိတ်ထိန်း၍မရတော့သဖြင့်ကားတံခါးအပြင်သို့ ထွက်ပြုပြီး လူများကို ဝေးရာသို့ ပြေးကြရန် အော်ဟစ်သတိပေးခဲ့သည်ဟု မျက်မြင်တွေ့ရှိသူ၏ ပြောကြားချက်ကို ပေကျင်း သတင်းဌာနက ဖော်ပြသည်။ လူ ၂၀ကျော်ကို တိုက်ခိုက်သည့်အပြင် ကားငါးစီးလည်း ပျက်စီးသွားသည်ဟုသတင်း၌ ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေးစနစ် (၅)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံ - အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်းစီသည် ပြောင်းလဲလာသောခေတ်၏ အခြေအနေများနှင့်အညီ လျှပ်စစ်ဓာတ်အားများ ဖြည့်ဆည်းပေးနိုင်ရန် နေ့မအား ညမနား အားထုတ်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပေသည်။ ယခင်က ဘီလူးချောင်းကို အခြေခံသည့် လောပိတရေအားလျှပ်စစ် စက်ရုံလောက်ဖြင့် ရပ်တန့်မနေဘဲ တိုးချဲ့တည်ဆောက်မှုများ ပြုလုပ်ခဲ့သည်။

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား တိုးတက်လိုအပ်လာမှုကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ကွန်း၊ ဖြူး၊ ရဲရွာ၊ ရွှေလီ၊ ရွှေကျင်၊ ကျိုင်းတောင်းနှင့် အထက်ပေါင်းလောင်းစသည့် ရေအားလျှပ်စစ်စီမံကိန်းများကို အမြန်ပြီးစီးရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းများ ပြီးစီးပါက တိုးတက်ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးရှိ ပြည်သူလူထုနှင့် စက်ရုံအလုပ်ရုံကြီးများသို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးနိုင်ရန်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသည်။

အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်ဆဲစီမံကိန်းများ

မဟာဓာတ်အားလိုင်းကဏ္ဍတွင်

(၁) ရွှေလီ-မန်စံ-ရွှေစာရံ(၂၃၀)ကေဗွီနှစ်ထပ် မဟာဓာတ်အားလိုင်း မိုင်(၂၂၀)။
(၂) ရဲရွာ-ဘဲလင်း(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၃၀)။
(၃) ရဲရွာ-မိတ္ထီလာ(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၈၀)။
(၄) ဘဲလင်း-ရွှေစာရံ(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း(၂၅)မိုင်။
(၅) ဘဲလင်း-မိတ္ထီလာ(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း(၆၅)မိုင်။
(၆) ဘဲလင်း-အုန်းတော-မုံရွာ(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း မိုင်(၁၁၀)။
(၇) မိတ္ထီလာ-တောင်တွင်းကြီး(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း (၁၀၅)မိုင်။
(၈) သာစည်-မိတ္ထီလာ-မြင်းခြံ(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း(၇၅)မိုင်။
(၉) တောင်ငူ-သာယာကုန်း-ပဲခူး-သန်လျင်(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း(၁၇၇)မိုင်။
(၁၀) သာကေတ-သန်လျင်(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း(၁၂)မိုင်။
(၁၁) ပဲခူး-မြောင်းတကာ(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်းမိုင် (၅၀)။
(၁၂) ရွှေကျင်-သာယာကုန်း(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း(၂၆)မိုင်။
(၁၃) ကွန်း-(တောင်ငူ-ပဲခူး) (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း အဝင်အထွက် (၈)မိုင်။
(၁၄) ဖြူး-(တောင်ငူ-ပဲခူး) (၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း အဝင်အထွက်(၄ ဒသမ ၅)မိုင်။
(၁၅) ရွှေတောင်-ဥသျှစ်ပင်(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း(၂၄)မိုင်။
(၁၆) အထက်ပေါင်းလောင်း-နမ်ချို-ပေါင်းလောင်း(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း (၂၆)မိုင်။
(၁၇) ကျိုင်းတောင်း-နမ့်စန်(၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း(၇၃)မိုင်။
(၁၈) ပင်းပက်-ကလော(၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်းမိုင်(၄၀)။
(၁၉) ကြီးအုံကြီးဝ-မန်း(၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း(၉၄)မိုင်။
(၂၀) အသုတ်-သာပေါင်း(၆၆)ကေဗွီ ဓာတ်အားလိုင်း မိုင်(၄၀)။
(၂၁) မန်စံ-လားရှိုး (၆၆)ကေဗွီ ဓာတ်အားလိုင်း (၂၃)မိုင်။
(၂၂) မန်စံ-သီပေါ(၆၆)ကေဗွီ ဓာတ်အားလိုင်း (၂၃)မိုင်။

ပင်မဓာတ်အားခွဲရုံကဏ္ဍတွင်

(၁) မန်စံ (၂၃၀/၆၆/၁၁)ကေဗွီ (၆၀) အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၂) ရွှေစာရံ(၂၃၀/၁၃၂/၁၁) ကေဗွီ(၁၀၀) အမ်ဗွီအေနှင့် (၂၃၀/၃၃/၁၁) ကေဗွီ(၆၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၃) မိတ္ထီလာ (၂၃၀/၃၃/၁၁)ကေဗွီ (၆၀)အမ်ဗွီအေပင်မဓာတ်အားခွဲရုံ။
(၄) ဘဲလင်း (၂၃၀/၁၃၂/၁၁) ကေဗွီ (၂ × ၁၀၀) အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၅) အုန်းတော(၂၃၀/၃၃/၁၁)ကေဗွီ(၄၅)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၆) ညောင်ပင်ကြီး (မုံရွာ) (၂၃၀/၃၃/၁၁) ကေဗွီ(၂×၁၀၀) အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၇) သာယာကုန်း(၂၃၀/၃၃/၁၁)ကေဗွီ(၆၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၈) ဥသျှစ်ပင်(၂၃၀/၆၆/၁၁)ကေဗွီ(၁၀၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၉) နမ့်စန်(၁၃၂/၆၆/၁၁) ကေဗွီ (၇၅)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၁၀) သဲဖြူ(မြို့လှ)(၂၃၀/၃၃/၁၁)ကေဗွီ(၁၀၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၁၁) နေပြည်တော်တပ်ကုန်း (၂၃၀/၃၃/၁၁)ကေဗွီ(၁၀၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၁၂) နေပြည်တော် ဓာတ်အားခွဲရုံများဖြစ်သည်။

သာယာကုန်း ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံရှိ Switch yards ကို တွေ့ရစဉ်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်မည့် အနာဂတ် စီမံကိန်းများ

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ထပ်မံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေသော သူငွေးချောင်း၊ တာဆန်း၊ အမ်း၊ မြစ်ဆုံ၊ တာပိန်၊ ရွှေလီ၊ အထက်သံလွင်၊ မဏိပူရ၊ ရွှေစာရေး၊ သောက်ရေခပ်၊ ဘောဂထ၊ တနင်္သာရီ၊ ထမံသီ စသည့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားပိုမိုထုတ်လုပ်လာသည်နှင့်အမျှ ဓာတ်အားပို့လွှတ်ရေးလိုင်းများမှာလည်း အချိုးကျ တိုးတက်လိုအပ်လာမည်ဖြစ်ရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများကို ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပြီးစီးလာမည့် အချိန်နှင့် တစ်ပြေးညီပြီးစီးရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

၎င်းတို့မှာ-

(၁) သံတွဲ(သူငွေးချောင်း)-ဥသျှစ်ပင်(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၇၀)။
(၂) သံတွဲ(၂၃၀/၆၆/၁၁) ကေဗွီ(၁၀၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၃) သံတွဲ (သူငွေးချောင်း) - အမ်း (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၉၀)။
(၄) အမ်း-ကျောက်တော်(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းမိုင်(၁၂၀)။
(၅) ကျောက်တော်-စစ်တွေ(၆၆)ကေဗွီ ဓာတ်အားလိုင်းမိုင်(၆၀)။
(၆) ကျောက်တော်-မြောက်ဦး-မင်းပြား(၆၆)ကေဗွီ ဓာတ်အားလိုင်း။
(၇) ကျောက်တော်-ဘူးသီးတောင်(၆၆)ကေဗွီ ဓာတ်အားလိုင်း(၃၅)မိုင်။
(၈) အမ်း-မန်း(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၈၀)။
(၉) မအီ-ကျောက်ဖြူ(၆၆)ကေဗွီ မဟာဓာတ်အားလိုင်း(၇၅)မိုင်။
(၁၀) သံတွဲ(သူငွေးချောင်း)-အသုတ်(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၁၄၅)မိုင်။
(၁၁) အမ်းရေအားလျှပ်စစ်စီမံကိန်းနှင့် ဆက်နွယ်သော မဟာဓာတ်အားလိုင်းနှင့်ပင်မဓာတ်အားခွဲရုံများ။
(၁၂) အထက်ကျိုင်းတောင်း-နမ့်စန်(၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း (၆၇)မိုင်။
(၁၃) နမ့်စန်-မိုးနဲ-လင်းခေး(၆၆)ကေဗွီဓာတ်အားလိုင်း(၃၅)မိုင်။
(၁၄) လွိုင်လင်-လဲချား-မိုင်းကိုင်(၆၆)ကေဗွီဓာတ်အားလိုင်း(၆၂)မိုင်။
(၁၅) နမ့်စန်-ခိုလန်-ကွန်ဟိန်း(၆၆)ကေဗွီဓာတ်အားလိုင်း(၄၅)မိုင်။
(၁၆) ခိုလန်-မိုင်းနောင်-မိုင်းရှူး(၆၆)ကေဗွီဓာတ်အားလိုင်း(၅၃)မိုင်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

၂၀၀၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား နေပြည်တော်တွင် ကျင်းပ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၉

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ၂၀၀၈ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပသည်။

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၀၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (ကျန်းမာရေး)

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာ၌ ယခုအခါ ကမ္ဘာနှင့်အဝှမ်း ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိရာတွင် သဘာဝ အလျောက် ကမ္ဘာကြီး ပူနွေးလာမှု အပြင်လူတို့၏ နေထိုင်သုံးစွဲပုံစနစ်နှင့် အမူအကျင့်များ ပြောင်းလဲမှုကြောင့်လည်း ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ် စေလျက်ရှိကြောင်း၊ Greenhouse Effect ခေါ်သည့်ဖန်လုံအိမ် အာနိသင်သက်ရောက်မှုမှာ လူတို့၏ နေထိုင်ပုံ ပြောင်းလဲမှုနှင့် ဆက်စပ် ဖြစ်ပေါ်လျက်ရှိကြောင်း။

ယခုကဲ့သို့ ရာသီဥတု ပြောင်းလဲမှုကြောင့် ကျန်းမာရေး ပြဿနာများ လျော့နည်းသက်သာစေရေး ဆောင်ရွက်ရာတွင်လူနှင့်ပတ်ဝန်းကျင် အကျိုးရှိစွာ ညှိနှိုင်းနေထိုင်တတ်ရေးသည် အလွန်အရေးကြီးကြောင်း။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ဖြစ်သော'ရာသီဥတုပြောင်းလဲမှု၊ ကျန်းမာရေးအတွက် သတိပြု' ဆိုသည့်နှိုးဆော်ချက်နှင့်အညီ ပြည်သူလူထုအနေနှင့် ကျန်းမာရေး အသိရှိရှိဖြင့် ကြိုတင်ကာကွယ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှု အလေ့အကျင့်များ လိုက်နာ ကျင့်သုံးခြင်းဖြင့် ကျန်းမာရေး ပြဿနာများ လျော့နည်းပြီး ကျန်းမာရေးနှင့် ညီညွတ်သောဘဝကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr.Hans Kluge က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr.Samlee Plain Bang Chang ၏ ၂၀၀၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ "ရာသီဥတုပြောင်းလဲမှု၊ ကျန်းမာရေးအတွက် သတိပြု"(Protecting Health From Climate Change)ဖြစ်သည်။

(သတင်းစဉ်)

စာမျက်နှာ (၆) သတင်းဆောင်းပါးမှအဆက်

(၁၇) နမ့်စန်-ပင်းပက်(၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း(၅၄)မိုင်။
(၁၈) ပင်းပက်-နောင်မွန်-ဆီဆိုင်(၆၆)ကေဗွီဓာတ်အားလိုင်း(၃၁)မိုင်။
(၁၉) တောင်ငူ-ရွှေတောင်(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်းမိုင်(၈၀)။
(၂၀) မဏိပူ-ဂန့်ဂေါ-ပခုက္ကူ(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်းမိုင်(၁၈၀)။
(၂၁) မြစ်သား-ဂန့်ဂေါ/မြစ်သား-ဟားခါး(၆၆)ကေဗွီဓာတ်အားလိုင်း မိုင်(၆၀)။
(၂၂) သောက်ရေခပ်-တောင်ငူ(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း (၂၅)မိုင်။
(၂၃) မုံရွာ-မန်း-ဥသျှစ်ပင်-ဟသ်ာတ(၅၀၀)ကေဗွီမဟာဓာတ်အားလိုင်း (၃၄၅)မိုင်။
(၂၄) ဘဲလင်း-တောင်ငူ-ပဲခူး(၅၀၀)ကေဗွီမဟာဓာတ်အားလိုင်းမိုင်(၃၀၀)။
(၂၅) မြစ်ဆုံ-မိုးမိတ်-ဘဲလင်း(၅၀၀)ကေဗွီမဟာဓာတ်အားလိုင်းမိုင်(၄၃၀)။
(၂၆) ထမံသီ-မြစ်ဆုံ(၅၀၀)ကေဗွီမဟာဓာတ်အားလိုင်းမိုင်(၂၂၀)။
(၂၇) ဟသ်ာတ-မြောင်းတကာ(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်းမိုင်(၈၀)။
(၂၈) မြစ်ကြီးနား-တာပိန်(၁)-(၂)-ရွှေလီ(၁)(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း(၁၃၅)မိုင်။
(၂၉) ရွှေလီ(၁)-ရွှေလီ(၂)-ရွှေလီ(၃)(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း မိုင်(၅၀)။
(၃၀) အထက်သံလွင်-ကွမ်းလုံ-လားရှိုး-မိုင်းနောင်-ခိုလန်-မိုင်းပြင်း-ကျိုင်းတုံ(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း(၃၁၂)မိုင်။
(၃၁) ရွှေစာရေး-မုံရွာ(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်းမိုင်(၃၀)။
(၃၂) ဘောဂထ-သာယာကုန်း(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်းမိုင်(၂၀)။
(၃၃) ဟသ်ာတ-အသုတ် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၆၀)။
(၃၄) ရွှေလီ(၃)-မိုးမိတ် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၂၀)။
(၃၅) ဟားခါး-ဖလမ်း-သိုင်းနင်း-ကလေး-ကလေးဝ (၆၆) ကေဗွီ ဓာတ်အားလိုင်း မိုင်(၉၀)။
(၃၆) ကလေး-တမူး(၆၆) ကေဗွီ ဓာတ်အားလိုင်းမိုင် (၇၀)။
(၃၇) ထမံသီ-ဟိုပင်(၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်းမိုင် (၁၀၀)။
(၃၈) ထမံသီ-ဖောင်းပြင်-ကလေးဝ-မုံရွာ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းမိုင် (၃၄၀)။
(၃၉) နန်ချို-ရွှေမြို့ (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း (၂၇)မိုင်။
(၄၀) ဘဲလင်း-မြင်းခြံ-ပခုက္ကူ (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၁၂၀)။
(၄၁) ပခုက္ကူ-ပေါက်-မင်းတပ် (၆၆) ကေဗွီမဟာဓာတ်အားလိုင်း မိုင်(၇၀)။
(၄၂) မိတ္ထီလာ-နေပြည်တော် (၂၃၀) ကေဗွီမဟာဓာတ်အားလိုင်းမိုင်(၉၀)။
(၄၃) သီပေါ-နမ့်လန် (၆၆) ကေဗွီ ဓာတ်အားလိုင်း (၂၈)မိုင်။
(၄၄) လားရှိုး-မိုင်းရယ် (၆၆) ကေဗွီ ဓာတ်အားလိုင်းမိုင်(၄၀)။
(၄၅) ဟတ်ကြီး-ဘားအံ-မော်လမြိုင် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း (၁၂၃)မိုင်။
(၄၆) တာပိန်-ဗန်းမော် (၆၆) ကေဗွီ ဓာတ်အားလိုင်း (၃၅)မိုင်။
(၄၇) တနင်္သာရီ(မေယွန်)-မြိတ်(၂၃၀)ကေဗွီမဟာဓာတ်အားလိုင်းမိုင်(၄၀)။
(၄၈) မြိတ်-ပုလော-ထားဝယ်-ရေး-သံဖြူဇရပ်-မော်လမြိုင် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း (၂၂၂)မိုင်။
(၄၉) မြိတ်-ဘုတ်ပြင်း-ကော့သောင်း (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၂၅၀)။
(၅၀) မြစ်ဆုံ-မြစ်ကြီးနား (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်းမိုင်(၆၀)။
(၅၁) မြစ်ကြီးနား-ဟိုပင်-အင်းတော်-ငှက်ပျောဒိုင်း-အုန်းတော (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၃၂၀)။
(၅၂) တာဆန်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ဆက်နွယ်သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများ။

လျှပ်စစ်စွမ်းအားကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် တည်ဆောက်ရာတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှုများသကဲ့သို့ အချိန်ကာလ အတိုင်းအတာတစ်ခုအထိ အကောင်အထည်ဖော် တည်ဆောက်ရပါသည်။ သို့ပါ၍ မိမိတို့နိုင်ငံ၏ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငွေနှင့်အချိန်ယူ၍ ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် လက်ရှိအခြေအနေတွင် ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်နိုင်မှု အခြေအနေပေါ်မူတည်၍ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု စွမ်းအားလျော့နည်းမှု မဖြစ်ပေါ်စေရေးတို့ကို ရှေးရှုလျက် အလှည့်ကျ ဓာတ်အားဖြန့်ဖြူးပေးသော စနစ်ဖြင့် ကြိုးစားဖြည့်ဆည်းပေးလျက်ရှိပါသည်။

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက် အကောင်အထည်ဖော်နေသည့် ယခုလိုအချိန်ကာလအတွင်းတွင် ပြည်သူလူထုအနေဖြင့် နွေရာသီ၌ ဓာတ်အားမလုံလောက်မှုအခြေအနေကို အမြန်ဆုံး ပြေလည်နိုင်ရန်အတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က အထူးကြိုးစားဆောင်ရွက်လျက် ရှိနေကြသည်။

ဓာတ်အားသုံးစွဲသူများအနေဖြင့်လည်း လျှပ်စစ်၏သဘောသဘာဝနှင့် သိမှတ်ဖွယ်ရာများကို ဗဟုသုတအဖြစ် သိရှိနားလည်နိုင်ရန် ဆက်လက်တင်ပြသွားပါမည်။ ။

သယ်န်းကျွန်းမြို့နယ် စံပြစီမံကိန်းရပ်ကွက် ဆုတောင်း ပြည့်ရန်မျိုးအောင်စေတီတော်မြတ်ကြီးတွင် ဖခင်(ဦးလှမြင့်)၊မိခင်ဒေါ်ခင်နွဲ့တို့ကို ဦးထိပ်ထား၍ ဦးယဉ်မိုး-ဒေါ်ညိုညိုမြင့် (စေတီတော်ရုံးအဖွဲ့မှူး) မိသားစုသုမင်္ဂလာအိမ်ရာတို့က နေပူခံကျောက်ပြားအချပ် ၁၀၀၊ တန်ဖိုးငွေကျပ် ၁၀၁၅၀၀၀ ကို မတ် ၂၉ရက်က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း (ရော)နှင့် အဖွဲ့ဝင် ဦးတင်စိန်တို့ လက်ခံယူစဉ်။ (၅၀၆)

မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင်တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရွက်လှလမ်းနေ(ဦးအောင်သိန်း)- ဒေါ်အေးတင်၊ ဦးခင်မောင်-ဒေါ်အိအိတို့အား အမှူးထား၍ ဦးလှိုင်ထွန်း၊ ဒေါ်စန္ဒာစိုး၊ သမီးမပွင့်ဖြူသန့်၊ မဝင်းသူသန့်၊သားမောင်သူရထက် မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်း၊ ဦးမောင်လှိုင်၊ ဦးအေးမြင့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

သင်္ကြန်ကာလ ကိုးရက်တရားစခန်း

ရန်ကုန် ဧပြီ ၉

တောင်ငူမြို့နှင့် ရန်ကုန်မြို့ ပြည့်စုံအေးရိပ်သာများတွင် သင်္ကြန်အကြိုနေ့(ဧပြီ၁၂ရက်)မှစ၍ သတိပဋ္ဌာန်ဝိပဿနာတရားစခန်းများ ဖွင့်ထားမည်ဖြစ်ပြီး တရားပွဲများနံနက်ပွဲ၊ နေ့လယ်ပွဲ၊ ညပွဲများပြုလုပ်မည်ဖြစ်ကာ ဒုလ္လဘရဟန်းဝတ်လိုသူများအား ရိပ်သာများ နာယကဆရာတော် ဘဒ္ဒန္တသုဇာတကသင်္ကန်း၊ ပရိက္ခရာ လှူဒါန်းမည်ဖြစ်သဖြင့် ဒုလ္လဘရဟန်းဝတ်လိုသူများ ဆရာတော် ဖုန်း-၆၉၀၀၃၅ ထံ ဆက်သွယ်စာရင်း ပေးသွင်း နိုင်သည်။ ဆရာတော်ဘဒ္ဒန္တသုဇာတသည်သင်္ကြန်ရှေ့ပိုင်းရက်များတွင် ရန်ကုန်၊ မြောက်ဥက္ကလာပရိပ်သာ၌လည်းကောင်း၊ သင်္ကြန်နောက်ပိုင်းရက်များတွင် တောင်ငူရိပ်သာ၌လည်းကောင်းသီတင်းသုံးမည်ဖြစ်သည်။ (က-ပ)

လှိုင်မဟာစည် သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၉

လှိုင်မြို့နယ် (၁၁)ရပ်ကွက်၊ ယောဂီကျောင်းလမ်း လှိုင် မဟာစည် ဝိပဿနာ ကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၉)ကြိမ် မြောက် မဟာသင်္ကြန်မိဂဒါဝုန်ဝိပဿနာတရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ လှိုင်မဟာစည် ဆရာတော် ဘဒ္ဒန္တစန္ဒဝရက ဝိပဿနာတရား ဟောကြားပြသပြီး မည်သူမဆို ဆွမ်း၊ ရေမီး စရိတ် အခမဲ့နှင့်ဝိပဿနာအခြေခံမှစ၍စနစ်တကျ သင်ကြား ပြသပေးမည်ဖြစ်သည်။ အသေးစိတ်သိလိုသူများ၊ တရားစခန်းဝင်လိုသူများ၊ ဆွမ်း စသည်လှူဒါန်းလိုသူများသည် ရုံးခန်း ဖုန်း-၀၁-၅၂၆၁၈၂၊ ၅၁၉၇၅၀ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၉

မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိကကမ္မဋ္ဌာနာစရိယ ဆရာတော် (မိုယ်းကောင်း) အရှင်စန္ဒိမာဝံသက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၄) ရပ်ကွက် မိုယ်းကောင်းကျောင်းတိုက်၌ဧပြီ၁၃ရက်မှ၂၂ရက်အထိ မန္တလေးတိုင်း ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊တောမကျေးရွာ တောမရွာဦးကျောင်းတိုက်၌ မေ ၆ရက်မှ ၁၅ ရက်အထိ တရားစခန်းပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မိုး

သတိပြု

ပြည်ပသံရုံးအချို့၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သောလုပ်ရပ်များ ဗီယင်နာကွန်ဗင်းရှင်းကို ဖောက်ဖျက်ရာရောက်ပြီး နိုင်ငံတကာဥပဒေများနှင့် ငြိစွန်းလျက်ရှိ ရပ်တန်းကရပ်ကြရန် နိုင်ငံတော်တည်ငြိမ်ရေးကို လိုလားသည့် ပြည်သူများက ဆန္ဒရှိနေ

နေပြည်တော် ဧပြီ ၉

မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ကြိုးကိုင်နိုင်ရန်အတွက် ပြည်ပနိုင်ငံကြီးအချို့သည် ပြည်တွင်းရှိနိုင်ငံရေးပါတီအချို့အား နောက်ကွယ်မှ အားပေးအားမြှောက်ပြုကာ ပြည်တွင်းတည်ငြိမ်မှုပျက်ပြားစေရေးအတွက် နည်းမျိုးစုံဖြင့် ကြံစည်လုပ်ဆောင်လျက်ရှိသည်။

ရန်ကုန်မြို့ရှိ ပြည်ပသံရုံးအချို့မှ သံတမန်များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့ အမြဲမပြတ်ဝင်ထွက်ဆက်သွယ်၍ နိုင်ငံနှင့်ပြည်သူအကျိုးကိုဆန့်ကျင်သော ဆွေးနွေးညွှန်ကြားချက်များ ပေးလျက်ရှိရာ ၂၀၀၈ခုနှစ် မတ်လအတွင်း ပြည်ပသံရုံးအချို့မှ စုစုပေါင်း (၁၉)ကြိမ် ဝင်ထွက်ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ် မတ်လမှ ၂၀၀၈ ခုနှစ် မတ်လကုန်အထိ စုစုပေါင်း(၂၇၇)ကြိမ် ဝင်ထွက်ခဲ့ကြောင်း သတင်းများရရှိထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တိုင်းပြည်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးစေသည့် ပြည်ပသံတမန်များ၏ နိုင်ငံတော်ဆန့်ကျင်ရေးလုပ်ရပ်များနှင့်စပ်လျဉ်း၍ ခုခံကာကွယ်ရန် ရည်ရွယ်ပြီး အမျိုးသားအကျိုးစီးပွားအဖွဲ့(National Interest Group)ကို မတ် ၂၉ရက်နေ့က ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ပနိုင်ငံကြီးအချို့မှ သံတမန်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၆၁ ခုနှစ် သံတမန်ဆက်ဆံရေး ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ်၄၁ကို ချိုးဖောက်လျက်ရှိသဖြင့် အဆိုပါလုပ်ဆောင်မှုများကို ချက်ချင်းရပ်ဆိုင်းသင့်သည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရမဟုတ်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအကြံပေးအဖွဲ့ဥက္ကဋ္ဌက မတ် ၂၉ရက်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရှိရသည်။

သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၄၁တွင် သံတမန်များသည် အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ ချမှတ်ထားသော သံအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့်ဆန့်ကျင်၍ သံအဖွဲ့ဥပစာကို မည်သို့မျှအသုံးမပြုရန်ဟူ၍ ပါရှိကြောင်းသိရသည်။

မြန်မာနိုင်ငံတွင်လည်း ပြည်ပသံရုံးအချို့၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သော လုပ်ရပ်များသည် ဗီယင်နာကွန်ဗင်းရှင်းကို ဖောက်ဖျက်ရာရောက်ပြီး နိုင်ငံတကာဥပဒေများနှင့် ငြိစွန်းလျက်ရှိသဖြင့် ယင်းတို့၏ လုပ်ရပ်များကို ရပ်တန်းကရပ်ကြရန် နိုင်ငံတော်တည်ငြိမ်ရေးကို လိုလားသည့် ပြည်သူများက ဆန္ဒရှိနေကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဟော်ကီပြိုင်ပွဲ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ဗိုလ်စွဲ

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသား ပတ်လည်အမှတ်ပေးဟော်ကီပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ကို မတ်၃၁ရက် ညနေပိုင်းတွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ နိုင်ငံတကာအဆင့်မီ မြက်ခင်းတုဟော်ကီအားကစားကွင်း၌ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော်ဟော်ကီကော်မတီအသင်းတို့ တစ်ဂိုးစီဖြင့် သရေဖြစ်သွားသည်။

အဆိုပါ အမှတ်ပေးပြိုင်ပွဲတွင် အသင်းပေါင်း (၁၁)သင်း ပါဝင်ယှဉ်ပြိုင် ခဲ့ရာ၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက (၁၀)ပွဲကစား၊(၉)ပွဲနိုင်၊ (၁)ပွဲသရေ ၂၈မှတ်ဖြင့် ဗိုလ်စွဲပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားကို ဆွတ်ခူးသွားသည်။

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းက ၂၅-မှတ်ဖြင့် ဒုတိယရပြီး တပ်မတော်ဟော်ကီကော်မတီအသင်းက ၂၂-မှတ်ဖြင့် တတိယရကာ ရန်ကုန်တိုင်းစစ် ဌာနချုပ်အသင်းက ၂၁-မှတ်ဖြင့် စတုတ္ထရရှိသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဗိုလ်စွဲသွားသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားကို ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ပြိုင်ပွဲတွင် တစ်ဦးချင်းအကောင်းဆုံး အားကစားသမားဆု ရရှိသူများအား ဆုတံဆိပ်များနှင့် ဆုကြေးများကို ပေးအပ်ချီးမြှင့်ကြသည်။

(ကြေးမုံ)

မြန်မာနှစ်ဆန်း(၁)ရက်နေ့ သောက်ရေသန့်ဘူးများ ဒါနပြုမည်

ရန်ကုန် ဧပြီ ၉

၁၃၇၀ ပြည့်နှစ် မြန်မာနှစ်ဆန်း(၁)ရက် ဧပြီ ၁၇ရက်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခမ္ဗာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ စောင်းတန်းလေးသွယ်တို့အနီးမှနေ၍ ဝေနေယျသုခရေချမ်းစင်အသင်း(၁၀၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ငွေကျပ် ၃၆ သိန်း တန်ဖိုးရှိ သောက်ရေသန့်ဘူးပေါင်း လေးသောင်းကို တစ်နေကုန် စေတနာဒါနပြု လှူဒါန်းမည်ဖြစ်သည်။ ယခုအထိ သောက်ရေသန့်ဘူးပေါင်း ကိုးသိန်းလေးသောင်း လှူဒါန်းပြီးခဲ့သည်ကို သာဓုခေါ်ဆိုပါရန်နှင့် ရာသက်ပန်သောက်ရေသန့်ရေပဒေသာပင် တစ်ပင်လှူ၍ အနည်းဆုံးငွေကျပ်တစ်သောင်းနှုန်းဖြင့် ဖုန်း-၃၈၁၇၃၆ ၊ ၃၈၃၅၁၁၊ လိုင်းခွဲ ၁၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နှစ်ဆန်းတစ်ရက် မြန်မာဇာတ်ကားသစ်ရုံတင်မည်

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဧပြီ ၉

ယခုလာမည့် သောကြာနေ့ ဧပြီ ၁၁ရက်မှစ၍ မဟာသင်္ကြန်ကာလအတွင်း ရုပ်ရှင်ရုံများ ပိတ်ထားမည်ဖြစ်ပြီး ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်း ၁ ရက်) ကြာသပတေးနေ့မှစ၍ ရုပ်ရှင်ဇာတ်ကားများ ပြန်လည်ပြသမည်ဖြစ်ရာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ်““ဟော့ရှော့”” ဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။ ရွှေဆောင်ရုံတွင် ပြသဆဲ““ရင်နှင့်အောင်မွေး”” ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

ဟော့ရှော့

လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ မအေးအေးဝင်းစီစဉ်ပြီးအကြည်တော် ဇာတ်ညွှန်းရေးဖွဲ့ကာ ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးထားသည့် ““ဟော့ရှော့””ဇာတ်ကားမှာ ငယ်သူငယ်ချင်းများအဖြစ် အတူတကွကြီးပြင်းလာကြသူများ အသီးသီး အိမ်ထောင်ရှင်များဖြစ်ပြီး ကြီးပြင်းလာသည်အထိ ကြုံဆုံခဲ့ကြရသည့် ဘဝဇာတ်စုံ အဖုံဖုံနှင့် မိသားစုဘဝအရေးများကို ဟာသအတွေးဖြင့် ရောစွက်ရိုက်ကူးထားသည့် ဘဝသရုပ်ဖော်ဟာသဇာတ်ကားတစ်ကားဖြစ်သည့် ပရိသတ်နှစ်သက်လက်ခံနိုင်မည့် မြန်မာဇာတ်ကားကောင်းတစ်ကားဖြစ်သည်။ ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ ဇေလုဝ၊ မိုမိုမြင့်အောင်၊ မေသန်းနု၊ သက်မွန်မြင့်နှင့်သင်ဇာဝင့်ကျော်တို့ခေါင်းဆောင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ကမ္ဘာ့အကြမ်းဖက်တိုက်ဖျက်ရေး ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော သမ္မတတစ်ဦးလုပ်ကြံခံရမှုကို စုံစမ်းဖော်ထုတ်သည့် ဇာတ်ကားဖြစ်သည့် VANTAGE POINT ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

(ကြေးမုံ)

မြန်မာဇာတ်ကားသစ် ဟော့ရှော့မှ ဇာတ်ဝင်ခန်းတစ်ခန်း။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ မြန်မာသင်္ကြန်
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၂၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၆။ မြန်မာသင်္ကြန်
၅:၂၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မြန်မာသင်္ကြန်
၆:၂၅ ၁၃။ **ကာတွန်းအစီအစဉ် “ငါးကလေးရဲ့ စွန့်စားခန်း” အပိုင်း(၃၈)**
၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ‘ပျော်ရွှင်ပါစေ’ (အပိုင်း-၁၁)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **-ဘဝဇာတ်ခုံ(ဇာတ်သိမ်း) (အပိုင်း-၈)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော်　　ဧပြီ　　၉

၂၀၀၈ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ဧပြီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ဇေယျာ၀တီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဇေယျာ၀တီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို ဧပြီ ၈ ရက်အထိ ကျင်းပခဲ့ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုရ ဇေယျာ၀တီရေတပ်စခန်းဌာနချုပ် အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဇေယျာ၀တီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ဝါခင်းတောင်ကျောင်းတိုက် နှစ်ထပ်ဆွမ်းစားဆောင်တိုးချဲ့ ဆောက်လုပ်လျက်ရှိရာ အင်းစိန်မြို့သစ် (က+ခ)ရပ်ကွက် က-၅ လမ်းနေ ဦးသာရှိန်-ဒေါ်သန်းသန်း မိသားစုက မတည် အလှူငွေ ကျပ် ၂၇ သိန်းကို ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ အရှင်သူမြတ်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၅၄၁)

မဟာဝိဇယစေတီတော်ကြီး၌ ဘာနုရာဇာနေမင်းကြီးက မြတ်စွာဘုရားအား ဦးခိုက်ပူဇော်မည်

ရန်ကုန်　　ဧပြီ　　၉

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းပေါ်၌ တည်ထား ကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပွရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် နာဂစီဝရာ ပဋ္ဌပဋ္ဌိမာ မြတ်စွာဘုရား ဆင်းတုတော်မြတ်ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာ နေမင်းကြီးသည် မိမိ၏အလင်းရောင်ဖြင့် တစ်နှစ်တွင်တစ်လ၊ တစ်လတွင် တစ်ရက်၊ မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် ဦးတန်ခူးလဆန်း ၁၂ ရက်၊ မြန်မာနှစ်ဆန်း ၁ ရက်၊ ခရစ်နှစ် ၂၀၀၈ ခုနှစ် ဧပြီ ၁၇ ရက် နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ထိုနေ့ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်မည်ဖြစ်သည်။

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက် ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် မြတ်စွာဘုရားအား ပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြသူများ အဓိဋ္ဌာန်အောင်မြင်ပြီး ဆုတောင်း ပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသော အချိန်အခါတွင် မဖူးလိုက်ရ မရှိရ လေအောင်သွားရောက် ဖူးမြော်ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်စခန်း တည်ဆောက် သင်္ကြန်ကာလအတွင်း အပန်းဖြေနိုင်ရေးအတွက် ဖွင့်လှစ်ပေးထားမည်

နေပြည်တော်　　ဧပြီ　　၉

နေပြည်တော် ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်စခန်း တည်ဆောက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် နေပြည်တော် ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်ရှိ ခန်းမဆောင်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နေပြည်တော် ပျဉ်းမနားခရိုင်ရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ငလိုက်ကန်သာ အပန်းဖြေဥယျာဉ် စခန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း ဦးစီးဌာနနှင့် Suntac Technologies တို့ ပူးပေါင်း၍ တည်ဆောက်နေသည့် လုပ်ငန်းများနှင့် ဆောင်ရွက်နေသည့် အဓိကလုပ်ငန်းရပ်ကြီးများအနက်မှ ရေချိုးဆိပ်များ၊ ပင်လယ် ကမ်းခြေကဲ့သို့ အပန်းဖြေနေရာများ၊ ရေလယ်ကျွန်းဆောင်ရွက်ထားမှုနှင့် ဆက်လက် ဆောင်ရွက်နေ နားနေဆောင်တို့ကို လည်းကောင်း၊ ပင်လယ်ကမ်းခြေကဲ့သို့ ပြုပြင်ထားသည့် သဲသောင်ပြင် နေရာကိုလည်းကောင်း၊ ချောင်းတွင်း ရေချိုးဆိပ် အနီးရှိ ရေလွှာလျှောစီး စင်များမှ ရေလွှာလျှောစီး အပန်းဖြေနေကြသူများအားလည်းကောင်း၊ ရေချိုးဆိပ်၌ ရေချိုး၊ အပန်းဖြေ နားနေသူများကို လည်းကောင်း၊ တည်းခိုဆောင်များ ကိုလည်းကောင်း ကြည့်ရှုကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးကြသည်။

ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်စခန်းသည် နေပြည်တော်မှ ရေစပ်ကမ်းခြေတစ်လျှောက်၌ တည်ဆောက်ထားပြီး သဘာဝအလျောက် အပန်းဖြေ နေရာများ၊ ရေချိုးဆိပ်များ၊ ပင်လယ်ကမ်းခြေကဲ့သို့ အပန်းဖြေနိုင်သည့် နေရာများအပြင် ရေလွှာလျှောစီးစင်များ၊ ငလိုက်ကန်သာအတွင်း လှေဖောင်များဖြင့် လှည့်လည်ကြည့်ရှုနိုင်သည့် အစီအစဉ်များ ပါရှိပြီး ယခုရက်မှ စ၍ သင်္ကြန်ကာလအတွင်း အပန်းဖြေနိုင်ရေးအတွက် ဖွင့်လှစ်ပေးထားမည် ဖြစ်သည်။ ယမန်နေ့နံနက်ပိုင်းမှ စ၍ ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး နေပြည်တော် ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သည့် လုပ်ငန်းများကို ပုံစံများဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဆည်ရေလှောင်တမံနှင့် သဘာဝပတ်ဝန်းကျင်၏ အေးချမ်းသာယာမှုကို လာရောက် အပန်းဖြေသူများ ခံစားနိုင်ရန် ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်ကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်းနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကို ဖြည့်စွက်ရှင်းလင်းပြောကြားပြီး ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်စခန်း တည်ဆောက်မှုတွင် ပါဝင်ဆောင်ရွက်နေကြသည့် တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ရေလယ်ကျွန်း နားနေစခန်းသို့ စက်လှေဖောင်ဖြင့် သွားရောက်၍ တည်ဆောက်ထားသည့် အဆောက်အအုံများနှင့်

ခုနစ်မိုင်အကွာ ကျွဲရှင်းကျေးရွာ အနီးရှိ ငလိုက်ရေလှောင်တမံ၏

စခန်း၏ ပြီးစီးသည့် ဇုန်နယ်မြေများကို စတင် ဖွင့်လှစ်ပေးရာ လာရောက် အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိပြီး အပန်းဖြေသူ ၁၀၀၀၀ ကျော် လာရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာန နေပြည်တော်ရှိ ရင်သွေးရတနာမူလတန်းကြို ကျောင်း၏ ပဒေသာကပွဲကို မတ် ၂၉ ရက်က ကျင်းပရာ မူကြို ရင်သွေးငယ်လေးများက "ပိတောက်လက်ဆောင်သီချင်း"ဖြင့် ကပြ ဖျော်ဖြေစဉ်။

(လူမှုဝန်ထမ်း)

ပညာမြေဆရာတော် အထူးတရားပွဲ

ရန်ကုန်　　ဧပြီ　　၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကြံခင်းပရိယတ္တိစာသင်တိုက်၌ ပညာမြေဆရာတော် ဒေါက်တာ အရှင်ဉာဏဂ္ဂ (ဓမ္မာစရိယ၊ M.A. Ph.D)သည် သင်္ကြန်အခါတော်ရက်များအတွင်း ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ ပဋ္ဌာန်းတရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်နာယူနိုင်ကြောင်း သိရသည်။ (က-ပ)

မှော်ဘီချမ်းမြေ့ရိပ်သာ စံကျောင်းတော် ရေစက်ချပွဲကျင်းပမည်

ရန်ကုန်　　ဧပြီ　　၉

မှော်ဘီမြို့ ချမ်းမြေ့ရိပ်သာကျောင်းရှိ စေတနာရှင်များ စုပေါင်းဆောက်လုပ်ထားသော ချမ်းမြေ့စံကျောင်းတော်ကို ဧပြီ ၁၁ ရက် နံနက် ၉ နာရီတွင် ရေစက်ချ လှူဒါန်းကြမည်ဖြစ်ရာ ရေစက်ချပွဲသို့ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရသာသနာ့ရိပ်သာ ယောဂီဆောင်အတွက် ရန်ကုန်မြို့ မြေနီကုန်းဈေးလမ်းနေ ဦးမြင့်သန်း၊ ဒေါ်ဆန်းလွင်လွင် (မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်)တို့က မိဘများဖြစ်ကြသည့် ဦးမောင်ခင်၊ ဒေါ်လှရင်၊ ဦးစိန်ဟုတ်၊ ဒေါ်ဒေါင်းမေတို့အား ရည်စူး၍ အလှူငွေကျပ် ၃၅ သိန်းကို ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ အကျိုးတော်ဆောင် ဦးနေအောင် လက်ခံရယူစဉ်။ (က-ပ)

ဆရာကြီး ဦးသန်းရွှေ သင်္ကြန်တွင်းတရားပွဲများ

ရန်ကုန်　　ဧပြီ　　၉

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဒလ-အုံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံ့ကြီး)နှင့် လက်ထောက်ဆရာများက ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် ဓမ္မသီတဂူအေးရွာကျောင်းတိုက်နှင့် ဒါးပိန်မြို့ ကမကျောင်းတိုက်တို့၌ ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၂၁ လမ်း ရေတွင်းကုန်း ဓမ္မာရုံ၌ ဧပြီ ၁၂ ရက်မှ ၁၆ရက်အထိ ညနေ ၆ နာရီမှ ၈ နာရီအထိလည်းကောင်း၊ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာစုကာရီဓမ္မာရုံကြီး၌ ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈ နာရီအထိလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် သန္တာ ၁၇ လမ်း ရန်အောင်ကျောင်းတိုက်ဝင်း အောင်သာဝတီ စာသင်တိုက်ကြီး၌ ဧပြီ ၂၅ ရက်မှ မေ ၁ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈ နာရီအထိလည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီး၌ မေ ၁ ရက်မှ ၇ ရက်အထိ နေ့တရားစခန်းကို နံနက် ၇ နာရီမှ ညနေ ၄ နာရီခွဲအထိလည်းကောင်း၊ စမ်းချောင်းမြို့နယ်ကျောင်းလမ်းနှင့် မြေနီကုန်း အောင်တော်မူလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတိုက်၌ မေ ၈ ရက်မှ ၁၄ ရက်အထိ ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

ကရဝိက်ဥယျာဉ်ကမ္ဘာ သင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပ

ရန်ကုန်　　ဧပြီ　　၉

ရန်ကုန် ကန်တော်ကြီးရှိ ကရဝိက်ဥယျာဉ်ကမ္ဘာ မဟာသင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲကို ယနေ့ ညနေ ၅ နာရီက ကျင်းပရာ မဟာသင်္ကြန်အကြို ဈေးရောင်းပွဲတော်ကို မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဈေးရောင်းပွဲတော်တွင် အဓိက ပံ့ပိုးသော ဉရောပအာရှ ကော်မာရှယ်ကုမ္ပဏီမှ အထူးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချနေသော ဆိုင်ခန်းများကို လှည့်လည် ကြည့်ရှုကြရာ ဧည့်ပရိသတ်တို့အား သင်္ကြန်ထမင်းနှင့် မုန့်လုံးရေပေါ်များဖြင့် ကျွေးမွေးဧည့်ခံသည်။

ကရဝိက်ဥယျာဉ်ကမ္ဘာ မဟာသင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲများကို ဧပြီ ၉ ရက်မှ ၁၂ ရက်အထိ ညစဉ် တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ကရဝိက်ဥယျာဉ်ကမ္ဘာ မဟာသင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၏ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ ပုဂ္ဂလိကသို့ လွှဲပြောင်းရေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန နိုင်ငံပိုင်စက်ရုံအလုပ်ရုံများပုဂ္ဂလိကသို့ လွှဲပြောင်းရေး ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၈ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများ ပုဂ္ဂလိကသို့ လွှဲပြောင်းရေးရှင်းလင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။
(သတင်းစဉ်)

အဆိုပါဆွေးနွေးပွဲသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာဝန်ကြီးဦးအောင်သောင်း၊ ဝန်ကြီး ဦးစိုးသာ၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့ကနိုင်ငံပိုင် စက်ရုံအလုပ်ရုံများ ပုဂ္ဂလိကသို့ လွှဲပြောင်းရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

ထို့နောက်အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှရွှေတို့က နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရေးနှင့်ပတ်သက်၍ အသီးသီးရှင်းလင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပုဂ္ဂလိကလုပ်ငန်းရှင်များကသိလိုသည်များကိုမေးမြန်းရာ ဝန်ကြီး ဦးစိုးသာ၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဝန်ကြီးဦးအောင်သောင်းတို့ကရှင်းလင်းပြောကြားကြပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဘားအံမြို့နယ်အသင်း(ရန်ကုန်) သက်ကြီး ပူဇော်ပွဲ

ရန်ကုန် ဧပြီ ၉

ဘားအံမြို့နယ် အသင်း (ရန်ကုန်)၏ ဒုတိယအကြိမ်မြောက် သက်ကြီး ပူဇော်ပွဲကို ဧပြီ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အသင်းတည်ရှိရာမြရတနာကျောင်း(ရွှေကြက်ယက်ကျောင်းဝင်း) ဗိုလ်ချုပ်ပြတိုက်လမ်း ဗဟန်းမြို့နယ်၌ကျင်းပမည်ဖြစ်သည်။ အသက်၇၀နှစ်နှင့်အထက်အသင်းဝင်များ၊ အသင်းဝင်များ၏ မိဘအမည်စာရင်းများနှင့် လှူဒါန်းလိုသောပုဂ္ဂိုလ်များအနေဖြင့် လှူဖွယ်ပစ္စည်းများကို ဗိုလ်မှူးအောင်ဆန်း(ရေ/ငြိမ်း)ဖုန်း-၀၉၅၁၇၄၀၅၈၊ ဦးစောကျော်ငြိမ်း ဖုန်း-၀၉၅၀၀၂၀၂၄၊ ဦးသန်းရွှေ ဖုန်း-၀၉၅၆၆၀၄၃၂၊ ဦးစိုးမြင့် ဖုန်း-၀၉၅၁၈၃၁၀၊ ဦးကျင်ပိုင် ဖုန်း-၀၉၅၀၁၁၂၂၈၊ ဦးဉာဏ်ဝင်း ဖုန်း-၀၉၈၀၂၂၂၄၇၊ ဦးစောမောင်မောင်ဦး ဖုန်း-၀၉၈၀၃၁၂၇၆နှင့် ဒေါ်အေးအေးမိုး ဖုန်း-၀၁၅၀၄၂၈၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရသာမှန်ယံယံခေါက်ဆွဲနှစ်သစ်ကူးအထူးအစီအစဉ် ကံစမ်းမဲဖွင့်ပွဲဆုအပ်နှင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၉

ရသာချိုစက်မှုလုပ်ငန်း၏ ရသာမှန် ယံယံခေါက်ဆွဲ နှစ်သစ်ကူးအထူးအစီအစဉ် ကံစမ်းမဲဖွင့်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီ ၇ရက် မွန်းလွဲ ၂ နာရီတွင်ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပရာ ရသာချိုစက်မှုလုပ်ငန်း လီမိတက်မှ အထွေထွေမန်နေဂျာ ဦးတင့်အောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရသာချိုစက်မှုလုပ်ငန်း လီမိတက်ဈေးကွက်မြှင့်တင်ရေးမန်နေဂျာ ဦးရဲမြတ်ထူးက ဆုအပ်နှင်းပွဲနှင့် ပတ်သက်သည်များကို စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် Mercury Distribution Co.,Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လတ်က အထူးဆုဂျစ်ကားပေါက်သူ မကွေးမြို့မှ မမျိုးစန္ဒာအား လည်းကောင်း၊ တာဝန်ရှိသူတို့က အထူးဆု ဆိုင်ကယ်နှစ်စီး၊ Postable DVD ငါးလုံးနှင့် တစ်သိန်းဆု ၁၀ ဆု ပေါက်သူများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများအား အစားအသောက်များနှင့် တည်ခင်းဧည့်ခံကြပြီးမန်နေဂျာဦးရဲမြတ်ထူးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့လမ်းမတော်မြို့နယ်ဘုန်းကြီးလမ်း(အလယ်)ရှိ EAST BOY ENGINEERING Co., LTD ကဘိုးဘွားများအတွက်အသုံးပြုနိုင်ရန်ငွေကျပ်တစ်သိန်းသုံးသောင်းနှစ်ထောင်လေးရာတန်ဖိုးရှိသောမီဂါ အမှတ်တံဆိပ်ရေမော်တာအလိုအလျောက်ထိန်းချုပ်စက်နှစ်လုံးကိုနှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့တွဲဖက်ဘဏ္ဍာရေးမှူးဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရသာချိုစက်မှုလုပ်ငန်းလီမိတက်၏ ရသာမှန်ယံယံခေါက်ဆွဲ နှစ်သစ်ကူးအထူးအစီအစဉ် ကံစမ်းမဲဖွင့်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပစဉ်။
(သတင်းစဉ်)

ကြို့ဇက်ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၉

ပြင်ဦးလွင်မြို့ ကြို့ဇက် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏အဌမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ၂၆ ရက် (စနေနေ့)ညနေ ၃နာရီတွင်ပြင်ဦးလွင်မြို့ Royal Diamond ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအမြန်ဆက်သွယ် လှူဒါန်းကြရန်နှင့် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

၂၀၀၆-၂၀၀၇ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော သားသမီးများ၏ အမှတ်စာရင်းမိတ္တူ၊ဓာတ်ပုံတို့ကိုဦးဇော်ထွဏ်း(ပြင်ဦးလွင်) ဖုန်း-၀၈၅-၂၉၁၉၂၊ ဒေါ်ကြည်ကြည်ဝင်း (ရွှေကျီး၊) မန္တလေး ဖုန်း-၀၂-၈၈၅၇၃၊ ဦးဝင်းနိုင် Salim- ဒေါ်ဆွေဆွေသန်း (နားကြားကိရိယာရောင်းဝယ်ရေး၊ရန်ကုန်) ဖုန်း-၀၉-၅၁၆၆၄၁၆၊ ၀၁-၂၄၀၈၄၈ တို့ထံ ပေးပို့နိုင်သည်။

(က-ပ)

မင်းပြားမြို့နယ်အသင်း(ရန်ကုန်) ဂုဏဝိသိဋ္ဌ ပူဇာသဘင် ကျင်းပ

ရန်ကုန် ဧပြီ ၉

အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း မင်္ဂလာတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ အရှင်မြတ်နှစ်ပါးအား ဂုဏဝိသိဋ္ဌ ပူဇာသဘင်နှင့် မင်းပြားမြို့နယ်အသင်း(ရန်ကုန်)၏ (၁၉)ကြိမ်မြောက်သင်းလုံးကျွတ် အစည်းအဝေးကိုမတ် ၂၃ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီက ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ မင်္ဂလာတိုက်ကျောင်း၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစိန်လှအောင်က ဂုဏပူဇာသဘင်ကျင်းပရခြင်းအကြောင်း လျှောက်ထားသည်။

ဆက်လက်၍သင်းလုံးကျွတ်အစည်းအဝေးကျင်းပရာ ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းကို တင်သွင်းအတည်ပြုသည်။ ထို့နောက် အမှုဆောင်များက ပညာရည်ချွန် ဆရာတော်တစ်ပါးနှင့် ကျောင်းသား၊ ကျောင်းသူ ငါးဦးတို့အား ဆုများချီးမြှင့်ပြီးသက်ကြီး ဘိုးဘွား ၃၃ ဦးအား ပူဇော်ကန်တော့ကြသည်။

(က-ပ)

ခါတော်မှီဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၉

မကွေးမြို့ မဟာမြသလွန်အနီး ဇမ္ဗူအေးသာသနရိပ်သာတွင်ခါတော်မှီ ဝိပဿနာ တရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၂၂ရက် အထိ (၁၀) ရက်တိုင်တိုင် ဆင်တောင်ဆရာတော် ကိုယ်တိုင်ဖွင့်လှစ်ပြသသွားမည်ဖြစ်ပါသည်။တရားအားထုတ်လိုသောယောဂီများသည်ဧပြီ ၁၁ ရက် ညနေ ရိပ်သာသို့ အရောက်လာရမည် ဖြစ်ပါသည်။ဖုန်း-၀၆၃-၂၃၄၄၃သို့ကြိုတင် စာရင်းပေးသွင်း နိုင်ပါသည်။အရုဏ်ဆွမ်း၊ နေ့ဆွမ်း စသည့် ကုသိုလ်များလည်း ပြုလုပ်နိုင်သည်။

(က-ပ)

ရွှေဟောင်း သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင် စေတီတော်မြတ်ကြီးအတွက် အလှူငွေ ကျပ် ၁၂သိန်းကို ဦးဝင်းမောင်တင်-ဒေါ်သန်းအေး၊ ဆရာမဒေါ်ဆွေဆွေဝင်း(အငြိမ်း)မိသားစုက လှူဒါန်းကြရာ စေတီတော်ဂေါပကအဖွဲ့က လက်ခံယူစဉ်။
(က-ပ)

ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ကြီးကြပ်၍ ဆဌမအကြိမ် ဆရာဝန်တင်ရွှေစာပေဆုချီးမြှင့်ပွဲကိုဧပြီ၆ရက် မွန်းလွဲ၂နာရီက ရန်ကုန်မြို့ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ဆုပေးပွဲတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကား ပြောကြားပြီး ဆုရွေးချယ်ရေးအဖွဲ့ ကိုယ်စား ဆရာဦးမျိုးသန့်(မောင်ဆုရှင်)က ဆုရွေးချယ်ရေးဆိုင်ရာများ ရှင်းလင်းပြောကြားပြီးဆရာဝန်တင်ရွှေ မိသားစုကိုယ်စားဆရာမကြီးဒေါ်အေးသန့်ကကျေးဇူးတင်စကား ပြောကြားပါ သည်။

ဆရာဝန်တင်ရွှေစာပေဆုများအဖြစ် "တိပိဋကရေသာသနာဝင်(သမိုင်းမှတ်တမ်း၊သုတေသနကျမ်း)"ရေးသားသူ ဒေါက်တာတင်အောင်အေး၊ "ကျွန်တော် အူကြောင်ကြား" ရေးသားသူ မောင်ဝဏ္ဏ၊ "၂၁ရာစု၏ စိန်ခေါ်မှုအသစ် ဆေးပညာကျင့်ဝတ်များ" ရေးသားသူ နိုင်ဇော်၊ "ဖခင်နို့တိုက်ခဲ့သည့် ကျွန်တော့်အဖေ" ရေးသားသူကေသီပန်ဦးလှမြင့်တို့အား တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး ဆုရသူများကိုယ်စားဆရာ ဒေါက်တာတင်အောင်အေးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဆရာဝန်တင်ရွှေမိသားစုက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းကြောင်းသိရသည်။

(စာပေ/စာနယ်ဇင်း)

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

❑ ရှေ့ဖုံးမှ

အဆိုပါ အစည်းအဝေးသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင် အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးဝင်းကိုက ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးဆိုင်ရာ လုပ်ငန်းများကို ပြည်နယ်၊ တိုင်းအသီးသီးတွင် ဆောင်ရွက်လျက်ရှိကြရာ လုပ်ငန်းများ အားလုံးနီးပါး ပြီးစီးနေပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရန်အဆင်သင့်ဖြစ်သည့် အနေအထားသို့ရောက်ရှိနေပြီဖြစ်၍ သင့်လျော်မည့်နေ့ရက်ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပမည့် နေ့ရက်အဖြစ် သတ်မှတ်ကြေညာရန် ညှိနှိုင်းဆွေးနွေးကြပြီး ၂၀၀၈ ခုနှစ် မေ ၁၀ ရက်ကို သတ်မှတ်ရန် ဆုံးဖြတ်ချက်ချမှတ်ကြသည်။

ထို့နောက် သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်သူများက အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ် မေ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

✧ နှစ်ဦးမင်္ဂလာ သည်အတာ ရိုးရာသင်္ကြန် ပျော်စရာ။

✧ ပျော်ရွှင်ချိန်မှာ ပြည်သူအများ အကြမ်းဖက်သမား သတိထား။ ပြည်သူ့အားနဲ့ ဝိုင်းဖယ်ရှား။

နွေရာသီ အားလပ်ရက် အပန်းဖြေ ခရီးသွား သတင်းဆောင်းပါး

နွမ်းနယ်သမျှ အပန်းဖြေပါ

ချောင်းသာ-ငွေဆောင် ကမ်းခြေမှာ

စာမျက်နှာ ၁-၃

ထူးခြားသည့် နေ့အပူချိန်များ

၉-၄-၂၀၀၈

ချောက်	၄၃ဒီဂရီစင်တီဂရိတ်(၁၁၀ဒီဂရီဖာရင်ဟိုက်)
မင်းဘူး	၄၂ဒီဂရီစင်တီဂရိတ်(၁၀၈ဒီဂရီဖာရင်ဟိုက်)
အောင်လံ	၄၂ဒီဂရီစင်တီဂရိတ်(၁၀၈ဒီဂရီဖာရင်ဟိုက်)
မကွေး	၄၁ဒီဂရီစင်တီဂရိတ်(၁၀၆ဒီဂရီဖာရင်ဟိုက်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၉-၄-၂၀၀၈

ကော့သောင်း ၀ ဒသမ ၁၅ လက်မ

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

ခရမ်းစိုးမြင့်၏ "ရည်မှန်းချက်တာဝန် (၉)ရပ်ဖြင့် ရှေ့သို့ ချီတက်နေသော အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေးစနစ် (၅)"

(သတင်းဆောင်းပါး) စာမျက်နှာ - ၆၇